မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၀၄)

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၀၇ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိက သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိက သမ္မတနိုင်ငံ သမ္မတ မစ္စတာ သာဘို အမ် အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တပ်မတော်သားများ ရောက်ရာဒေသတွင် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေး ကြိုးပမ်းထမ်းဆောင်
နိုင်ငံတော်၊ နိုင်ငံသားနှင့် တပ်မတော်အပေါ်ထားရှိသည့် သစ္စာတရား ခိုင်ကျည်စွာစောင့်ထိန်း
တပ်မတော်က အခြေခံကောင်းများကို ဘယ်ခေတ်နှင့်မျှမတူအောင် တည်ဆောက်ပေးလျက်ရှိ
နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်ရေး ပြည်သူနှင့်လက်တွဲဆောင်ရွက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းမှာအောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

ယနေ့ဟာ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀)ရဲ့ သင်တန်းဆင်းပွဲအခမ်းအနားဖြစ်တယ်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် သစ္စာပြုထားကြတဲ့ တပ်မတော်သားတွေမှာ မျိုးချစ်စိတ်ဓာတ်ခိုင်မာခြင်း၊ စည်းကမ်း ကောင်းမွန်ခြင်း၊ သစ္စာရှိခြင်းနဲ့ စွန့်လွှတ်စွန့်စားရဲခြင်းဆိုတဲ့ အင်္ဂါရပ်တွေနဲ့ အထူးပြည့်စုံနေဖို့ လိုအပ်တယ်။

နိုင်ငံတော်ဖွံ့ဖြိုးရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

ပြည်တွင်း၌ ကြိုးပမ်းတည်ဆောက်ခဲ့သည့် မြန်မာ့မီးရထား၏ ဒီဇယ်လျှပ်စစ်စက်ခေါင်း

မျက်မှောက်ကမ္ဘာတွင် ရေနံဈေးနှုန်းမြင့်တက်လာမှုကြောင့် ခရီးသည်နှင့်ကုန်စည် ပို့ဆောင်သူများသည် ရထားကို ပိုမိုအသုံးပြု သုံးစွဲလာကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ဒီဇယ်စက်ခေါင်း ၂၉၅ ခေါင်းဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်း ပြေးဆွဲပေးလျက်ရှိသည်။

မီးရထားစက်ခေါင်းကြီးများကို ပြည်တွင်း၌ အစအဆုံးတည်ဆောက်သွားရန် ရည်မှန်းချက်ထားရှိ၍ ဝန်ကြီးဌာနအသီးသီးမှ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုကြောင့် ရထားအစိတ်အပိုင်းများ၊ စက်ခေါင်းအရန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်ခဲ့ရာ ဒီဇယ်လျှပ်စစ် စက်ခေါင်းကို ကိုယ်ပိုင်ဒီဇိုင်းဖြင့် ပထမဦးဆုံး ကြိုးပမ်းတည်ဆောက်နိုင်ခဲ့သည်။

မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံက ပြည်တွင်းပစ္စည်းများဖြင့် တည်ဆောက်ခဲ့သည့် မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းကို ဧပြီလ ၁၉ ရက်နေ့မှစ၍ ခုတ်မောင်းပြေးဆွဲနေပြီ ဖြစ်သည်။

ဒီဇယ်လျှပ်စစ် စက်ခေါင်းကို ရန်ကုန်–မန္တလေး ရထားလမ်းပိုင်း၌သာမက ရန်ကုန်–ရေး၊ မန္တလေး–မြစ်ကြီးနား၊ ရန်ကုန်–ပြည်လမ်းပိုင်းအပါအဝင် လမ်းပိုင်းများစွာတွင် အကျိုးရှိစွာ သုံးစွဲနိုင်မည့်အပြင် လူစီးရထားများတွင်သာမက ကုန်ရထားများအတွက်ပါ အသုံးပြုနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ စက်ခေါင်းနှင့် ရထားတွဲများ တည်ဆောက်မှုများကို ပြည်တွင်းဖြစ်ပစ္စည်းများ တီထွင်ကြံဆ တိုးချဲ့ထုတ်လုပ်၍ အစားထိုးတပ်ဆင်သွားနိုင်စေရန် သက်ဆိုင်ရာ အင်ဂျင်နီယာနှင့်ဝန်ထမ်းများက ဆက်လက်ပူးပေါင်း ကြိုးပမ်းလုပ်ဆောင်ကြခြင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် ပိုမိုသွက်လက် အကျိုးဖြစ်ထွန်းလာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၇) ရပ်ကွက် မယ်ဇီကုန်းလမ်း အမှတ် (၁၈)နေ ဦးဝင်းမောင်–ဒေါ်ယဉ်ပု မိသားစုက ဒဂုံမြို့နယ်အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဧပြီ ၂၆

စင်ကာပူသမ္မတနိုင်ငံ၌ ဧပြီ ၂၅ရက်မှ ၂၈ရက်အထိ ကျင်းပမည့် ပဉ္စမအကြိမ် အာဆီယံလူငယ်ရေးရာဝန်ကြီးများ အစည်းအဝေး၊ ပထမအကြိမ် (အာဆီယံ+၃) လူငယ်ရေးရာဝန်ကြီးများ အစည်းအဝေး၊ ဒုတိယအကြိမ် (အာဆီယံ+၁ တရုတ်ပြည်သူ့သမ္မတနိုင်ငံ) လူငယ်ရေးရာ ဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံလူငယ်များ၏ လူငယ်ရေးရာ အစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းတည့် ၁၂နာရီက လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

အာဆီယံလူငယ်ရေးရာ ဝန်ကြီးများအဆင့် အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်မည်ဖြစ်ပြီး အာဆီယံလူငယ်များ၏ လူငယ်ရေးရာ အစည်းအဝေးများသို့ တက်ရောက်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လူငယ်ရေးရာအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာ အေးသီင်္ဂီ၊ ဦးကျော်မင်းထွန်း၊ ဦးသန်းဇော်ဝင်းနှင့် ဦးချန်တန်ခင်တို့က အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘုတာရုံလမ်း ပဌနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ထာဝရငွေရတု ပဒေသာပင်အတွက် အမှတ်(၁၆၅)ရေးလမ်း ဝဲကျွန်း ထိန်လယ်ရပ် ထားဝယ်မြို့နေ ဦးဖေဝင်း–ဒေါ်ရီအေး၊ သား မောင်ဝင်းကိုကို၊ သမီး မအေးမီဝင်း၊ မဥမ္မာဝင်းမိသားစုတို့က အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အသင်းအကျိုးဆောင် အတွင်းရေးမှူး ဦးစိုးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က–ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း သုဝဏ္ဏ(၂၃)ရပ်ကွက် ယင်းမာမြိုင်လမ်းနေ ဗိုလ်မှူးကြီးသာဝင်း (ငြိမ်း)–ဒေါ်မြမြယဉ် မိသားစုတို့က ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဇေယျဝတီ ဆရာတော် သစ္စာတရား ဟောကြားမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅)မေခလမ်း သစ်ဆိမ့်ကုန်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ-B.A)သည် မေ ၂ ရက်မှ ၁၃ရက်အထိ လှိုင်ကော်မြို့၌ ကျင်းပမည့် တရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ ဆရာတော်၏ ကျောင်းတိုက်အတွင်း ဓမ္မာရုံတော်ကြီး တည်ဆောက်မည်ဖြစ်ရာ ဖုန်း–၀၉–၅၁–၃၇၀၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အဘိဓဇသုံးထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အလှူငွေလက်ခံ

ရန်ကုန် ဧပြီ ၂၆

နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏမဟာထေရ်၏ သက်တော်(၈၈)နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာနှင့် အဘိဓဇသုံးထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး အလှူငွေများလက်ခံသည်။

နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏမဟာထေရ်၏ သက်တော်(၈၈)နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာနှင့် အဘိဓဇသုံးထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေ ပေးအပ်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်း တိုက် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏမဟာ ထေရ်အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဆောက်တည်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ပရိသတ် များက နိုင်ငံတော်သြဝါဒါစရိယ ပါဠိ တက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသောဘဏ မဟာထေရ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်သြဝါဒါစရိယပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော် ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း၊ မြို့တော်ဝန်နှင့် တာဝန် ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်အဘိဓဇသုံးထပ် ဆွမ်း စားကျောင်းတော်ကြီးအတွက်အလှူရှင် များဖြစ်ကြသော ဦးအောင်မြင့်စိုး မိသားစုက ငွေကျပ်သိန်း ၁၇၀နှင့် ဒေါ်ယဉ်မေမိသားစုက ငွေကျပ်သိန်း ၁၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ အလှူရှင်များဖြစ် ကြသော ယူပီဂျီကုမ္ပဏီဥက္ကဋ္ဌ ဦးကြည် ဝင်း–ဒေါ်ရီရီအေးမိသားစုက ငွေကျပ် ၈၈ သိန်းနှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးသိန်းဝင်း–ဒေါ်နီမိသားစုက ငွေကျပ် ၁၈ သိန်းတို့ကို ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ထံသို့ လည်းကောင်း၊ အလှူရှင် ဦးအောင်ဇော်ဝင်း–ဒေါ်မြတ်ဇင်မာ ချိုမိသားစုက ငွေကျပ် ၁၈ သိန်းကို မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ထံသို့ လည်းကောင်း ပေးအပ်လှူဒါန်း ကြပြီး တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

အဘိဓဇသုံးထပ် ဆွမ်းစားကျောင်း တော်ကြီး အတွက် အလှူရှင်များက ယနေ့ ပေးအပ်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၄၃၄ သိန်း ဖြစ်သည်။

ရေစက်သွန်းချ

ယင်းနောက် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချ နာယက ပထမကျော် အဂ္ဂမဟာ အကျော် သ၊စ၊အဓမ္မာစရိယ ဝင့်သကာ ဝိနယပါဠိပါရဂူ လှရတနာကျောင်း ဘဒ္ဒန္တနာရဒါ ဘိဝံသထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာ တရားနာယူကြပြီးလှူဒါန်းမှု အစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက် သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဒေါက်တာမြမြဦး ဒုတိယပါမောက္ခချုပ် ရန်ကုန်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ခ) ဦးကြည်သာ အထွေထွေမန်နေဂျာ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန
(ဂ) ဒေါက်တာသန်းရွှေ အထွေထွေမန်နေဂျာ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

နေပြည်တော် ဧပြီ ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ခါ အာမက်ချောင်ဒရီ ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဧပြီ ၂၅ ရက် ညနေပိုင်းတွင် လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာမိုဟာမက်ခိုင် ရူဇာမန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး တို့မှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ်နှင့်အတူ ဆက်သွယ် ရေးဝန်ကြီးဌာန အတွင်းဝန် ဒေါက်တာ မားဘူဘားရာမန်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန အရှေ့တောင်အာရှဒေသ ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မစ္စတာ အစ်ခ်တီယာ အမ်ချောင်ဒရီနှင့် နိုင်ငံခြား ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်ရုံးမှ ညွှန်ကြားရေးမှူး မစ္စတာ အာဆတ် အာလမ်ဆီယမ်တို့ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသည်။

တည်ခင်းဧည့်ခံ

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ် တက်ခါ အာမက်ချောင်ဒရီ ခေါင်း ဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေး

ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ရန်ကုန်မြို့ရှိ ပါ့ခ်ရွိုင်ရယ် ဟိုတယ်၌ အစည်းအဝေးတစ်ရပ်ကျင်းပ၍ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြ သည်။ **(အပေါ်ပုံ)** ယင်းနောက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံ ပေးပုဂ္ဂိုလ် ခေါင်းဆောင် သော ကိုယ်စားလှယ်အဖွဲ့အား ပါ့ခ်ရွိုင် ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရွှေတိဂုံစေတီတော် မဟာဒုံးရှားဖေါ်ဂူဗိမ္မာန်၊ မြန်မာ့ ကျောက်မျက်ရတနာပြတိုက်နှင့် သိမ်ဖြူ လမ်းရှိ ဟော်ကီအားကစား ကွင်းတို့သို့ သွားရောက်၍ ကြည်ညို ကြည့်ရှု လေ့လာကြသည်။

(သတင်းစဉ်)

အာဂုံဆောင်နိကာယ် သင်တန်းဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မ သုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း အာဂုံဆောင်ကျမ်းများနှင့် နိကာယ် အဖွင့်ကျမ်းများ ကျမ်းပြုဆရာတော် အရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ် တစ်ပုံဆောင်) အရှင်မြတ်က ရဟန်း သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီး ဆရာလေးများ နိကာယ်ပိဋကတ် တတ်မြောက်စေရန် နိကာယ်သင်တန်းဖွင့်ပွဲ အခမ်းအနား ကို ဧပြီ ၂၉ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည် ဖြစ်သည်။ တက်ရောက်ကြည်ညို ကြ ရန် ဖိတ်ကြားထားပြီး နိကာယ်ဆောင် အရှင်မြတ်များအား ပစ္စည်းလေးပါး လှူဒါန်းလိုပါက ဖုန်း–၀၁–၃၈၃၄၂၇၊ ၀၁–၃၈၀၈၇၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ရွှေတိဂုံစေတီတော်ညောင်ရေသွန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

မြတ်ဗုဒ္ဓ၏ ကိုယ်ပွားဖြစ်တော်မူသော ပရိဘောဂစေတီတော် မဟာ ဗောဓိညောင်ပင်အားပူပြင်းခြောက်သွေ့ သောနွေရာသီတွင် လေးမြတ်ကော်ရော် ပူဇော်လှူဒါန်းသော ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ဧပြီ၃၀ရက် (ကဆုန် လပြည့်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၂၄)ကြိမ်မြောက်အဖြစ် စေတီတော်ရင်ပြင် အဂ္ဂိထောင့် မဟာဗောဓိပင်၌ သြဝါဒါစရိယဆရာတော် ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဂေါပက အဖွဲ့ရုံးဝန်ထမ်းများဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်သည်။

စီစဉ်ထား

ယင်းနေ့တွင် ဘုရားဖူးများက ရင်ပြင်တော်ထောင့်လေးထောင့်ရှိ မဟာ ဗောဓိပင်များ၌ လွယ်ကူစွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန်နှင့် နံနက် ၅ နာရီမှ ၇ နာရီအထိ အများပြည်သူများ လွယ်လင့်တကူ သင့်တင့်သော အလှူငွေဖြင့် အသင့် ဆွမ်းတော်ကြီးကပ်လှူနိုင်ရန် ဂေါပကအဖွဲ့က စီစဉ်ထား ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားနေ့ လော်ကားဥယျာဉ်ဖွင့်လှစ်ထားမည်

ရန်ကုန် ဧပြီ ၂၆

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်သော်လည်း ၂၀၀၇ ခုနှစ် မေ ၁ ရက် (အလုပ်သမားနေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေ အနားယူ လေ့လာနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်းပြသည့်ဆန္ဒနှင့် တူညီသည့်စေတနာ

မျှော်ကြည့်တိုင်း ရွက်နုသစ်တို့ ဝေနေသည့် အပင်ကြီးငယ်တို့ရဲ့ အသွင်အပြင်က တပေါင်းလရဲ့ပူပြင်းမှုကို အန်တုနေသလိုပင်။ ငယ်စဉ်အထက်တန်းကျောင်းသားဘဝက လေ့လာရေးခရီးသွားခဲ့သလိုမျိုး ဘွဲ့လွန်ဒီပလိုမာကျောင်းသားတွေ ကျေးလက်ဒေသ လူမှုဘဝ ကွင်းဆင်းလေ့လာရေး ခရီးထွက်ခဲ့ကြသည်။ ဘွဲ့လွန်ကျောင်းသားတွေဖြစ်၍ အရွယ်စုံ၊ ဘဝစုံဖြစ်သည်။ ဘွဲ့ရပြီး အလုပ်မရသေးသူတွေ၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေ စုံလင်လှသည်။ မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံညောင်ဦးဒေသရှိ ကျေးရွာများသို့ ကွင်းဆင်းလေ့လာဖြစ်ခဲ့ကြသည်။ လမ်းခရီးတစ်လျှောက် ထနောင်းပင်နှင့် တမာပင်များ၊ မန်ကျည်းပင်နှင့်ထန်းပင်များ၊ ရှားစောင်းနှင့် ဆူးပင်များက အညာဒေသရဲ့ သရုပ်မှန်ဘဝကို ပြသနေသည်။ "နွေထနောင်း၊ ဆောင်းမန်ကျည်း"ဆိုသည့် ဆိုရိုးမှာ သည်အညာဒေသက ပေါက်ဖွားခဲ့မည်ဟု ယူဆရသည်။ နွေနေ့လယ်ရဲ့ အပူချိန်အမြင့်ဆုံးအချိန်မှာ ထနောင်းပင်အရိပ်က အေးမြလှသည်။ ထနောင်းပင်အောက်မှာ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲဖြူဖြူလေးတွေနဲ့ ဧည့်ခံခြင်းက ရေဆာခြင်းနဲ့ အမောကို ပြေပျောက်စေခဲ့သည်။ ဒေသခံ ရွာသူ၊ရွာသားများ၏ ဖော်ရွေပျူငှာမှုက သိချင်သမျှ မေးမြန်းရသည်ကို ချောမွေ့စေခဲ့သည်။

သည်ဒေသရဲ့ ခြောက်သွေ့မှုကိုမြင်ရ၍ ရေရှားမည်ဟုထင်မိသော်လည်း စည်ပင်သာယာရေးဦးစီးဌာနမှ စက်ရေတွင်း တူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်ပေးခဲ့လို့ သန့်ရှင်းသော သောက်သုံးရေ ပေါပေါများများ သုံးစွဲနေရကြောင်း ဒေသခံများမှတစ်ဆင့် သိခွင့်ရခဲ့သည်။ စူးစမ်းလေ့လာရသည်ကို ဝါသနာပါ၍ စက်ရေတွင်းရှိရာသို့ သွားရောက်ကြည့်ရှုခဲ့သည်။ ရေလှောင်ကန်၊ ရေစက်ရုံနှင့် ရေလှောင်ကန်ရဲ့ ဘုံဘိုင်ခေါင်းတွေဖွင့်ပြီး ရေခပ်နေကြသည့် ရွာသူ၊ရွာသားများကို တွေ့ခဲ့ရသည်။ စက်ရေတွင်းနှင့် ပတ်သက်သည့် အချက်အလက်များနှင့် အလှူရှင်ကမ္ပည်းမှတ်တမ်းတို့ကို စုံလင်စွာတွေ့ရသည်။ အညာဒေသရဲ့ ခြောက်သွေ့မှုနဲ့ ရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးခဲ့သည့် အစီအစဉ်အတွက် အလှူရှင်နဲ့ ဆောင်ရွက်ပေးတဲ့ဌာနအပေါ် အားကျစိတ်နဲ့ လေးစားခဲ့ရသည်။ သည်လိုနှင့် ဘွဲ့လွန်ဒီပလိုမာ ကျောင်းသားများ မတိုင်ပင်ရဘဲ လုပ်ကြမည့် ကိစ္စတစ်ခုကို တညီတညာတည်း ဆုံးဖြတ်ခဲ့ကြသည်။ သည်ဒေသရဲ့ ရေခက်ခဲတဲ့၊ သန့်ရှင်းတဲ့ သောက်သုံးရေမရသေးတဲ့ ရွာတစ်ရွာအတွက် စက်ရေတွင်းတစ်တွင်း စုပေါင်းလှူဒါန်းကြမည်ဆိုသည့် စေတနာသဒ္ဓါ တရားတွေအပေါ် အရင်းခံသည့် ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

လေ့လာရေးခရီးမှအပြန် သင်တန်းမပြီးခင် ကာလအတွင်းမှာ အလှူငွေအတွက် ငွေစုခဲ့ကြသည်။ ပြီးနောက် သတင်းစာ၌ ပါရှိသည့် ကြော်ငြာပါလိပ်စာနှင့် တယ်လီဖုန်းနံပါတ်အတိုင်း စည်ပင်သာယာရေး ဦးစီးဌာနနှင့် ဆက်သွယ်ပြီး ရေအလှူငွေ လှူဒါန်းခဲ့ကြသည်။ အလှူငွေလက်ခံဖြတ်ပိုင်းကို မိတ္တူဆွဲပြီး သင်တန်းသားတွေ အားလုံးဝေခဲ့တော့ ကလေးတွေလို ပျော်ခဲ့ကြသည်။ မကြာခင်ကပဲ စည်ပင်သာယာရေး ဦးစီးဌာနမှ အကြောင်းကြားခဲ့သည်၊ တေရသမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရေအလှူငွေပေးအပ်ရန်ဖြစ်သည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး တေရသမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၁၉-၃-၂၀၀၇ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သံလျက်စွန်းလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော အလှူရှင်များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာတွင် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်စီမံကိန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲက ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ထိုလမ်းညွှန်မှုအရ စည်ပင်သာယာရေးအဖွဲ့များမှ ကွင်းဆင်း စာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ရေခက်ခဲသောကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေမရသော ကျေးရွာ ပေါင်း ၈၀၄၂ ရွာရှိပြီး အခြားပြည်နယ်၊ တိုင်း ၁၄ ခုတွင် ၁၅၁၈၃ ရွာရှိသဖြင့် တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာပေါင်း ၂၃၂၂၅ ရွာအား သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်ကို စာရင်းကောက်ယူရရှိခဲ့ကြောင်း"**။

ဇေယျာမျိုးထက်

"ထိုကဲ့သို့ စာရင်းရရှိပြီးနောက် စည်ပင်သာယာရေးအဖွဲ့များမှ နှစ်စဉ်ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာ ၈၀၄၂ ရွာတွင် ကျေးရွာ ၇၈၉၁ ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၉၈ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့သလို၊ အခြားပြည်နယ်၊ တိုင်း ၁၄ ခုရှိ ကျေးရွာ ၁၅၁၈၃ ရွာအနက် ကျေးရွာ ၉၂၀၆ ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၆၁ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ပေးရမည့် ကျေးရွာ ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၇၀၉၇ ရွာကို သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း"။

"စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများမှာ ပထမအကြိမ်မှ ဒွါဒသမအကြိမ်အထိ စုစုပေါင်းအလှူရှင် ၁၇၅၃ဦးမှ ငွေကျပ် ၁၄၀၂၇ ဒသမ ၉၂သိန်း၊ US$ ၇၆၇၅၂၊ EURO ၇၇၀နှင့် FEC ၁၀၀၁၂တို့ကို လှူဒါန်းရရှိခဲ့ကြောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ကုန်အထိ စစ်ကိုင်းတိုင်းတွင် မြို့နယ်ပေါင်း ၁၀ မြို့နယ်၊ မကွေးတိုင်းတွင် မြို့နယ်ပေါင်း ၁၂မြို့နယ်၊ မန္တလေးတိုင်းတွင် မြို့နယ်ပေါင်း ၁၂မြို့နယ် စုစုပေါင်း ၃၄ မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သလို စစ်ကိုင်းတိုင်းတွင် စစ်ကိုင်းခရိုင်နှင့် တမူးခရိုင်၊ မကွေးတိုင်းတွင် ပခုက္ကူခရိုင်၊ မန္တလေးတိုင်းတွင် မန္တလေးခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့ကိုလည်း ခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း"ဖြင့် ရှင်းလင်းတင်ပြသွားသည်။

ထို့နောက် အလှူရှင်များက လှူဒါန်းငွေများကို တစ်ဦးချင်းပေးအပ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက်တွင် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက အလှူငွေလှူဒါန်းရခြင်းအကြောင်းကို ဝမ်းသာပီတိစကားများ လှိုက်လှိုက်လှဲလှဲ ပြောကြားသွားခဲ့သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်-

"နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်များချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး စီမံကိန်း၊ အထူးဒေသကြီး ၂၄ခုရဲ့ ဖွံ့ဖြိုးရေး စီမံကိန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများကို စနစ်တကျ ချိတ်ဆက် ပေါင်းစပ် အကောင်အထည်ဖော်ကာ ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှမျှတတ ဖွံ့ဖြိုးရေးကိုရည်မှန်းပြီး စီမံလုပ်ကိုင်ဆောင်ရွက်လျက် ရှိကြောင်း။"

"မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ရာခိုင်နှုန်းခန့် နေထိုင်သော အများစုဖြစ်သည့် ကျေးလက်ဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးတာဝန်ကို စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းတာဝန်များအဖြစ် ထမ်းဆောင်ရန် တာဝန်ပေးအပ်ထားကြောင်း။"

"သို့ဖြစ်၍ စည်ပင်သာယာရေးဦးစီးဌာနမှ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ် စီမံကိန်းကို ၂၀၀၀-၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေ၊ စေတနာရှင် ပြည်သူများက လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစရှိသည့် လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်နေကြကြောင်း၊ ထိုသို့ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုကြောင့် စီမံကိန်းကာလ စတင်သည့် ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့ရှိ ကျေးရွာပေါင်း ၈၀၄၂ရွာအနက် ၇၈၉၁ရွာတွင် ဆောင်ရွက်ပြီးစီး၍ ၉၈ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ရေခက်ခဲသော ကျေးလက်ပြည်သူ ရှစ်သန်းခန့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းကူညီမှု အကျိုးကို လက်တွေ့ခံစားနေရပြီ ဖြစ်ကြောင်း။"

"စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စေတနာရှင်၊ အလှူရှင်များ ကြည်နူးပီတိပွားများနိုင်အောင် စက်ရေတွင်းများကို ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြဖို့နှင့် တူးဖော်ပြီးခဲ့သော စက်ရေတွင်းများကိုလည်း ရေရှည်သုံးစွဲနိုင်အောင် ပြည်သူများနှင့်ပူးပေါင်း အသိပညာပေး ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ အလှူရှင်များ၏ လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်မိပါကြောင်း"

စသည်ဖြင့် မှာကြားခဲ့သည်။

ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခဲ့သည့် အပူပိုင်းဒေသရဲ့ ပူပြင်းမှုနဲ့ ရေရှားပါးမှုကို သင်ပုန်းချေပြီး ရေရရှိလို့ ပျော်ရွှင်နေကြတဲ့ ရွာသူ၊ရွာသားတွေရဲ့ ပီတိအပြုံးများက အပူဒဏ်ကို ဖုံးလွှမ်းသွားကြောင်း သက်သေတစ်ခုကို မြင်တွေ့ခဲ့ရသည်။ သည် အပျော်ပီတိ မျက်နှာပေါင်းများစွာကို သည်ဒေသတွေမှာ ထပ်မံပြီးမြင်တွေ့ရဦးမှာ ဖြစ်သည်။

ရေအလှူငွေပေးအပ်ပွဲ အခမ်းအနားပြီးသည့်နောက်တွင် ရရှိလာသော ပီတိများကို သင်တန်းဖော်သူငယ်ချင်းများထံ ဝေငှဆင့်ပွား ခံစားနိုင်ရန် သတင်းစကား ပါးဖြစ်ခဲ့သည်။ မှန်ပါသည်။ မထင်မှတ်ဘဲ သွားခဲ့သော ခရီးတစ်ခုတွင် မျက်မြင်ကိုယ်တွေ့ခဲ့သော အခြေအနေတစ်ရပ်ကို မတိုင်ပင်ရဘဲ ဆုံးဖြတ်အကောင်အထည်ဖော် ဖြစ်ခဲ့ကြသည်။ ထိုကဲ့သို့ ဘွဲ့လွန်ဒီပလိုမာကျောင်းသားများ၏ ငွေစုပြီးရခဲ့သည့်လှူဒါန်းငွေများကို ရေတွက်၍ ရနိုင်သော်လည်း ရေခက်ခဲသည့် ကျေးရွာလေးတစ်ရွာ၌ သန့်ရှင်းသော သောက်သုံးရေရရန်အတွက် စက်ရေတွင်းတူးဖော်ပေးလိုသည့် ပြင်းပြသည့်ဆန္ဒနှင့်တူညီသော စေတနာသဒ္ဓါတရားကိုမူ နှိုင်းဆ၍မရနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၇ (သောကြာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ နောက်ဆုံးစကားတရားတော် (အပိုင်း-၁) (မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒ)
၇:၅၅ Myanmar Video Rhythm
၈:၄၅ တေးဂီတအစီအစဉ်
၈:၅၀ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
၉:၀၅ တေးဂီတအစီအစဉ်
၉:၁၀ ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ်
၉:၄၀ ပြည်တွင်းသတင်းအကျဉ်း
၉:၅၀ ဆက်သွယ်မှုကွန်ရက် Internet Cafe (1)
၁၀:၁၀ တေးဂီတအစီအစဉ်
၁၀:၁၅ ဆီးချိုသွေးချိုရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၂) (ဒေါက်တာတင့်ဆွေလတ်)
၁၀:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၅ မုံရွာမြို့မှ ချင်းတွင်းအိမ်စာပေ
၁၁:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅ ရော်ဘာစိုက်ပျိုး ပြည်အကျိုး ဆတိုးဆောင်ရွက် စီးပွားတက်
၁၁:၁၅ မိုးလေဝသခန့်မှန်းချက်
၁၁:၂၀ လေ့လာမှတ်သားစရာ နဒီနက္ခတ်ပညာ (အပိုင်း-၁)
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ လင်းလက်တောက်ပ သဘော်ာဆေးအလှ
၁၂:၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၂:၂၅ လုပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၁၂:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၅ အေးမြသောလေညင်းလေးများ (မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျ၊ ရူးရူးမောင်)
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ဆန္ဒရှိသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထား အသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူနှင့် ရှေ့လုပ်ငန်းစဉ်များရှင်းလင်း

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E .Mr. Tran Trong Khanh နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေ ၅ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အတူ ဗဟို အလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့် ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Tran Trong Khanh နှင့်အဖွဲ့အား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အသင်းကြီးနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန်ဆန္ဒရှိသူများနှင့်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးကို ဖွဲ့စည်းထားကြောင်း၊ အသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ ရှေ့လုပ်ငန်းစဉ်များအတိုင်း ပါဝင် ဆောင်ရွက်မှုအခြေအနေများနှင့် ရရှိထားသော နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံချစ်ကြည် ရင်းနှီးရေးအတွက်လည်း ထည့်သွင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

အမှတ်တရလက်ဆောင်

ယင်းနောက် အထွေထွေ အတွင်းရေးမှူးနှင့် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ညစာဖြင့်တည်ခင်း

ညပိုင်းတွင် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးသည် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ညစာဖြင့် တည်ခင်း ဧည့်ခံသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်မိဘများ ဖြစ်သော ဦးမောင်ပု-ဒေါ်တင်မြိုင်၊ (ဦးသန်းဆွေ)-ဒေါ်မြသန်းတို့အား အမှူးထားရည်စူး၍ ဦးသိန်းအောင် (ဒုတိယပါမောက္ခချုပ်၊ထားဝယ်တက္ကသိုလ်)-ဒေါ်မြင့်မြင့် သန်း (လ/ထ၊ ညွှန်ကြားရေးမှူး၊ သ/မ၊ ဦးစီးဌာန၊ ငြိမ်း) မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ညောင်ခါးရှည်) အရှင်သုန္ဒရထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၇-၄-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၃၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ ရှိတယ် ရှားတယ်** (အပိုင်း-၁၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၂)

ကက်ကင်းနောက်ဆုံးပတ်အဖြစ် ဆက်လက်ပြသ အမေနှင့်သမီးများ မကြာမီရုံဝင်တော့မည်

ရန်ကုန် ဧပြီ ၂၆

ပေပါမွန်း ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ရိုက်ကူးသည့် **ကက်ကင်း** ဇာတ်ကားမှာ ယခုပတ် နောက်ဆုံး တင်ဆက်ပြသခြင်းဖြစ်သည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ကြည့်ကြရမည် ဖြစ်သည်။

အမေနှင့်သမီးများ

စာရေးဆရာ မောင်သိန်းဆိုင်၏ ဝတ္ထုကိုအကယ်ဒမီငြိမ်းမင်း ဇာတ်ညွှန်းရေးပြီး လူငယ်ဒါရိုက်တာ ဓာတ်ပုံအန်ထော်ဏီ(မော်လမြိုင်) ရိုက်ကူးသည့် **အမေနှင့်သမီးများ** ဇာတ်ကားသစ်မှာ မကြာမီ ရုံဝင်လာမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ ဥက္ကာမင်းမောင်၊ မေတ္တာ၊ ငြိမ်းချမ်း၊ စိုးမြတ်သူဇာ၊ မေသန္တာဦး၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်၊ စန္ဒီမြင့်လွင်၊ ဇာဇာမင်းထက်၊ သီဂီထွန်း၊ ဦးအောင်လွင်တို့နှင့်အတူ သရုပ်ဆောင်ပေါင်းများစွာ အင်အားဖြည့် ပါဝင်သရုပ်ဆောင်ထားသည်။ တစ်ချိန်က မိန်းကလေးရှင်ရဲ့ဆန္ဒ အမည်ဖြင့် ရိုက်ကူး ပြသအောင်မြင်ခဲ့သော ဇာတ်လမ်းကို တစ်ကျော့ပြန် ရိုက်ကူးတင်ဆက်ထားသည့် အိမ်ထောင်ရေး ပညာပေး ဇာတ်ကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင် Blood Diamond ဇာတ်ကား ရုံဝင်လာပြီး

ရုပ်ရှင်သတင်းထောက်

နေပြည်တော်ရုံတွင် Curse of the Golden Flower ဇာတ်ကားဖျော်ဖြေလျက်ရှိသည်။ ရွှေဂုန်ရုံအပေါ်ထပ်၌ Iron Eagle ဇာတ်ကားပြသနေပြီး မြေညီထပ်၌ ကာလီမယ်၏ သမီးတော်နှင့် လောဘမှုဆိုး ဇာတ်ကားကြည့်ကြရမည်ဖြစ်သည်။ မြို့မရုံတွင် Kaho Naa Pyaar Hai ဇာတ်ကားပြသလျက်ရှိသည်။

ဆုထူးပန်ရုံတွင် အိန္ဒိယနာမည်ကြီးအက်ရှင်မင်းသားများဖြစ်သော အက်ရှေးကူးမား၊ စူနီးလ်ရှက်သီးတို့ ခေါင်းဆောင်ပါဝင်ထားသော Deewane Huye Paagal ဇာတ်ကားရုံဝင်လာသည်။ ဘုရင့်ရုံတွင် ရှာရွတ်ခန်ပါဝင်ထားသော Veer Zaara ဇာတ်ကားတစ်ကျော့ပြန် ပြသလျက်ရှိသည်။

ဆတ်သေချောင်းဒဏ္ဍာရီ

ဒါရိုက်တာဝင်းထွန်းထွန်းရိုက်ကူးပြီး လူမင်း၊ထွန်းထွန်း၊နဝရတ်၊မေကဗျာ၊ နေထူးနိုင်တို့ပါဝင်ထားသော **ဆတ်သေချောင်းဒဏ္ဍာရီ** ဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ရုံဝင်လာသည်။ **(မြန်မာ့အလင်း)**

ကက်ကင်းဇာတ်ကားမှ ရန်အောင်နှင့် မေသန္တာဦး။

ပုဏ္ဏားကျွန်းမြို့ အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အထကကျောင်းတွင် ၁၉၅၂မှ ၂၀၀၀ပြည့်နှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသူ ကျောင်းသားများက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မေ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပုဏ္ဏားကျွန်းမြို့ အထကခန်းမ၌ ကျင်းပမည်ဖြစ်၍ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများကလည်း ဦးသန်းထွန်း လက်ထောက် မြို့နယ်ပညာရေးမှူး ပုဏ္ဏားကျွန်းမြို့ဖုန်း- ၀၄၃- ၂၄၀၄၄၊ ၂၃၆၀၂ သို့ ဆက်သွယ်ကြပါရန် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီက နှိုးဆော်ထားသည်။

အလှူငွေထည့်ဝင်လိုသူများသည် ဖုန်း-၀၉၅-၁၉၃၄၈၅၊ ဦးသန်းထွန်း ဖုန်း- ၀၉-၅၁-၈၃၄၇၄၊ ဒေါ်အေးချေ ဖုန်း-၀၉-၅၁-၉၃၄၈၅၊ ဦးကျော်စိန်မောင် ဖုန်း-၀၉-၅၁-၁၂၈၁၁၊ ဦးစံကျော်လှ ဖုန်း-၀၄၃-၂၃၂၆၁ နှင့် ဦးမြင့်မောင် ဖုန်း -၀၄၃-၂၃၃၄၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပုညာရာမ ဆရာတော် ဓမ္မခရီးစဉ်များ

ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက် နဝရတ်လမ်းရှိ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ကမ္မဋ္ဌာနာစရိယ အရှင်ပုညာနန္ဒသည် နိုဝင်ဘာ ၂၆ရက်မှ ဇန်နဝါရီ ၁ရက်အထိ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ မိုးကုတ်ရိပ်သာနှင့် ပို့စ်မောက်မြို့များတွင် တရားစခန်းနှင့် တရားပွဲများကို လည်းကောင်း၊ ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ရက်အထိ အမေရိကန်နိုင်ငံ နယူးယောက်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ၊ အီလီနွိုက်ပြည်နယ် ချီကာဂိုမြို့ ဗုဒ္ဓမြန်မာကျောင်း၊ ဖလော်ရီဒါပြည်နယ် ဖို့ဒ်လန်ဒါဒလီမြို့၊ နယူးယောက် အီသာကာမြို့၊ ကော်လိုရာဒိုပြည်နယ် ဒန်ဗာမြို့၊ နယူးယောက်မြို့၊ ဝက်ချက်စ်တာမြို့၊ ပင်ဆယ်ဗေးနီးယားပြည်နယ်၊ ဖီလာဒဲဖီးယားမြို့၊ နယူးယောက်၊ ဘရုဒ်ကလင်မြို့၊ ABBA အမေရိကန်-မြန်မာကျောင်း၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ် ရေးဗားဆိုက်မြို့၊ သန္တိသစ္စာဝိပဿနာတရားရိပ်သာ၊ ဗာဂျီးနီးယားပြည်နယ်၊ ဟန်မ်တန်နှင့် ဗာဂျီးနီးယားဘိရှ် နယူးဂျာစီပြည်နယ် ပရင်စတန်မြို့များသို့ လှည့်လည်ပြီး တရားစခန်းများ ဖွင့်လှစ်ဟောပြောပြသခဲ့ရာ ဧပြီ ၄ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်လာပြီး ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် သင်္ကြန် ၁၀ ရက်စခန်းကို ဟောပြောပြသခဲ့ကြောင်း သိရသည်။ **(က-ပ)**

တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် တိုင်းရင်းဆေးကုဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းဆေးဖြင့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းအမှတ်စဉ်(၂/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက် မွန်းတည့် ၁၂နာရီက အထက(၂) မြေညီလာခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ညွန့်ညွန့်လွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်လှူဒါန်း

မန္တလေး အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာကြည့်တိုက်အတွက် သုတ၊ရသ၊စာအုပ်နှင့် မဂ္ဂဇင်း၊ ဂျာနယ် လှူဒါန်းပွဲကို ဧပြီ ၃ ရက် နံနက်က ကမ်းနားလမ်း မြို့နယ်ရုံး၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွဏ်းလှအောင်တို့က အမှာစကားပြောကြားပြီး အလှူရှင် ဦးကံလှက စာအုပ်နှင့်မဂ္ဂဇင်း၊ ဂျာနယ်များ လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် ၁၂၉ အုပ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (၁၆၂)

အခွန်မဲ့ သစ်တောထွက်ပစ္စည်း ဖမ်းဆီးပေးသော တပ်ဖွဲ့ဝင်များဂုဏ်ပြု

သစ်တောဦးစီးဌာနမှ အခွန်မဲ့ သစ်တောထွက်ပစ္စည်း ဖမ်းဆီးဥပဒေများအရ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း သစ်တောထွက်ပစ္စည်း ဖမ်းဆီးအရေးယူရာတွင် ပါဝင်သောတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို မတ် ၁၃ ရက်က မကွေးခရိုင်ရဲတပ် ဖွဲ့မှူးရုံးတွင်ကျင်းပရာ ခရိုင်အတွင်း သစ်တောထွက်ပစ္စည်း ဖမ်းဆီးအရေးယူပေးခဲ့သော တပ်ဖွဲ့ဝင် ၂၃ ဦးအား မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းရွှေက ဂုဏ်ပြုဆုငွေချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

မီးဘေးကြိုတင်ကာကွယ်ရေး ကျောက်တံခါးမြို့နယ်တွင် ဆောင်ရွက်

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အဖွဲ့ပိုင်ဈေးများအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ဦးဆောင်သော ဝန်ထမ်းများ၊ မြို့နယ် မီးသတ်ဦးစီးဌာန စခန်းတာဝန်ခံ ဦးဇော်မင်းဦးနှင့် ပဲနွယ်ကုန်းမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်တို့က ပဲနွယ်ကုန်းမြို့မဈေးအတွင်း မီးဖိုနှင့် လျှပ်စစ်အသုံးပြုသော ဈေးသူ ဈေးသားများအား မီးဘေးအန္တရာယ် အစဉ်သတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ပညာပေးဆွေးနွေးပြီး မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ရေးကိရိယာများ ကြိုတင်နေရာချထားမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရုံးနှင့် ကျောက်ချောလမ်းဖွင့်

ကချင်ပြည်နယ် ဆင်ဘိုမြို့ မြင်သာကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ကျောက်ချောလမ်းဖွင့်ပွဲကို ဧပြီ ၁ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။ ကျေးရွာရုံး အဆောက်အအုံမှာ ငွေကျပ်သိန်း ၄၀ ကုန်ကျပြီး ကျောက်ချောလမ်းမှာ အရှည်ပေ ၄၄၀၀၊ အကျယ် ရှစ်ပေရှိ ငွေကျပ် ၁၅သိန်း အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုတ်သုန်ဖိုရမ် ၂၀၀၆-၂၀၀၇ ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ ရာသီအလိုက် မိုးလေဝသနှင့် မြစ်ရေခန့်မှန်းချက်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် အာရှဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဗဟိုဌာန (ASIAN DISASTER PREPAREDNESS CENTRE) (ADPC)တို့ ပူးပေါင်းကျင်းပသည့် မုတ်သုန်ဖိုရမ် (MONSOON FO-RUM) ၂၀၀၆-၂၀၀၇ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ကြီးဌာန အသီးသီးတို့မှ ဌာနဆိုင်ရာအကြီး အကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိုင်းနိုင်ငံ အခြေစိုက်အာရှဒေသသဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးဗဟိုဌာန Climate Risk Management မှ ညွှန်ကြားရေးမှူး Mr. A.R Subbiah နှင့်ပညာရှင်များ၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

မိုးရွာသွန်း

ဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရာသီဥတု အခြေအနေများဖြင့် ရေအရင်းအမြစ်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အနောက်တောင်မုတ်သုန်လေကြောင့် မုတ်သုန်ရာသီကာလအတွင်း မိုးရွာသွန်းမှုကြောင့် မိုးရေကို လုံလောက်စွာ ရရှိနေကြောင်း၊ ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်သည့် မုန်တိုင်းများကြောင့်လည်း မုတ်သုန်အကြိုကာလနှင့် မုတ်သုန်လွန်ကာလများတွင် မိုးရေကို နှစ်စဉ်လုံလောက်စွာ ရရှိပြီး မြန်မာနိုင်ငံ၏ တောင်မြောက်ရှည်လျားသည့်အတွက် သမပိုင်းရာသီဥတုနှင့် အီကွေတာဒေသ ရာသီဥတုများကြောင့် မိုးရွာသွန်းမှုကိုရရှိစေခဲ့ကြောင်း။

မိုးရွာသွန်းမှုအနေဖြင့် အထူးသဖြင့် မြန်မာနိုင်ငံ၏ အချို့နေရာများဖြစ်သည့် အနောက်ဘက်တွင် စစ်တွေ၊ တောင်ဘက်တွင် ထားဝယ်ဒေသများ၌ နှစ်စဉ်မိုးရေချိန် ၄၅၀၀မီလီမီတာကျော် ရရှိသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သည့် ချောက်မြို့၌ နှစ်စဉ်မိုးရေချိန် ၅၀၀မီလီမီတာခန့်သာ ရွာသွန်းလေ့ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ငါးလခန့်ကာလအတွင်းသန့်ရှင်းသောသောက်သုံးရေများကို မိုးရွာသွန်းမှုမှ ရရှိစေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမြဲတမ်းစွတ်စိုသည့် ကာလ ငါးလခန့်နှင့် ခြောက်သွေ့ကာလ ခုနစ်လခန့် ဖြစ်ပေါ်လေ့ရှိကြောင်း။

ဖွင့်လှစ်ထား

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကလည်း ရေအရင်းအမြစ်များ ထုတ်ဖော်အသုံးပြုနိုင်ရေး၊ မြစ်ချောင်းများအတွင်း ရေစီးဆင်းမှု အခြေအနေများကို စောင့်ကြည့်တိုင်းတာလျက်ရှိပြီး မိုးလေဝသစခန်း(၁၀၂) စခန်းနှင့် ဇလဗေဒစခန်း (၆၉)စခန်းတို့ကို မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ထားရှိ ဆောင်ရွက်လျက်ရှိကြောင်း။

ဆွေးနွေးအကြံပြု

ယခု မုတ်သုန်ဖိုရပ်တွင် အစွန်းရောက် မိုးလေဝသနှင့် ဇလဗေဒ ဖြစ်စဉ်များနှင့် ပတ်သက်၍ တက်ရောက်လာကြသော သက်ဆိုင်ရာ အစိုးရဌာနများ၊ လုပ်ငန်းများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဝိုင်းဝန်း ဆွေးနွေးအကြံပြု တင်ပြကြမည်ဖြစ်၍ သက်ဆိုင်ရာဌာနများအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ ဒေသခံကိုယ်စားလှယ်များ၏ အခက်အခဲများကို ပူးပေါင်းဖြေရှင်းပေးနိုင်ခြင်း၊ အတွေ့အကြုံများရရှိစေနိုင်ခြင်းဖြင့် ဆွေးနွေးပွဲကြီးကိုပြီးမြောက်အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ အခြေစိုက် အာရှဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဗဟိုဌာန Climate Risk Management မှ ညွှန်ကြားရေးမှူး Mr. A.R Subbiah က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆွေးနွေး

ယင်းနောက်မုတ်သုန်ဖိုရမ် ၂၀၀၆-၂၀၀၇ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကိုယ်စားလှယ်များက မုတ်သုန်ရာသီကာလအတွင်း မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် သတိပေးချက်များနှင့် စပ်လျဉ်း၍ ဌာနအဖွဲ့အစည်းများ၏ အသုံးပြုဆောင်ရွက်နေကြ သည့် အခြေအနေများနှင့် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ကျင်းပသွားမည်

အဆိုပါ ဆွေးနွေးပွဲကို ဧပြီ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ မုတ်သုန်ဖိုရမ် ဆွေးနွေးပွဲများကို နှစ်စဉ် မုတ်သုန်အကြိုနှင့် မုတ်သုန်ဆုတ်ခွာပြီး ကာလများတွင် တစ်နှစ်လျှင် နှစ်ကြိမ်ပုံမှန် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံ မုတ်သုန်ဆုတ်ခွာမည့် နိုဝင်ဘာလတွင် ထပ်မံကျင်းပ သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် အာရှဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဗဟိုဌာနတို့ ပူးပေါင်းကျင်းပသည့် မုတ်သုန်ဖိုရန် ၂၀၀၆-၂၀၀၇ ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဆူပူလှုပ်ရှားမှု ဖြစ်ပွားအောင် အကြိမ်ကြိမ် ဆန္ဒပြသွေးထိုးလှုံ့ဆော်ခဲ့သူ NLD အုန်းသန်း(ထောင်ထွက်) ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးရှေ့၌ ဆူပူလှုပ်ရှားမှုထပ်မံပြုလုပ်သဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလိုလားသူ ပြည်သူများက ဝိုင်းဝန်းဟန့်တားထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပို့ဆောင်အပ်နှံခဲ့

နေပြည်တော် ဧပြီ ၂၆

၂၀၀၇ ခုနှစ် ဧပြီ ၂၅ ရက် မွန်းလွဲ၂နာရီ မိနစ်၄၀အချိန်၌ NLD ပါတီဝင် ထောင်ထွက်အုန်းသန်းသည် အဖြူရောင်အင်္ကျီနှင့် အဖြူရောင်ပုဆိုးဝတ်ဆင်ပြီး အပြာရောင်ဦးထုပ်ဆောင်းကာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီးရှေ့ လူသွားစင်္ကြံပေါ်တွင် ဆူညံစွာ အော်ဟစ်ကြွေးကြော် ဆန္ဒပြလှုံ့ဆော်ခဲ့သဖြင့် တာဝန်သိပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပေးပို့အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

ပို့ဆောင်အပ်နှံ

NLD ပါတီဝင် ထောင်ထွက်အုန်းသန်းသည် ပြည်သူကိုကိုယ်စားပြု အစိုးရထူထောင်ရေး၊ ကုလသမဂ္ဂကြီးကြပ်မှု ကော်မရှင်ဖိတ်ခေါ်ရေး၊ ၁၉၉၀ မေလ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရန်၊ ကုလသမဂ္ဂကြီးကြပ်မှုဖြင့် စစ်မှန်သော ပြည်သူ့လွှတ်တော်ကျင်းပရန် စသည့် ကြွေးကြော်သံများ ရေးသားထားသည့် ဆိုင်းဘုတ်ကို ကိုင်မြှောက်လျက် ဆူညံစွာအော်ဟစ်ကြွေးကြော် လှုံ့ဆော်မှုပြုခဲ့သဖြင့် ခရီးသွားပြည်သူများ အထိတ်တလန့်ဖြစ်ကာ လူစုလူဝေးဖြစ်ပေါ်ခဲ့၍ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လိုလားသူပြည်သူများက အုန်းသန်းအား ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပို့ဆောင်အပ်နှံခဲ့ကြောင်းနှင့် သက်ဆိုင်ရာက လိုအပ်သောစုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

ဝန်ခံကတိပြုခဲ့

NLD ပါတီဝင်အုန်းသန်းသည် ၂၀၀၄ ခုနှစ်ကလည်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် UNDP ရုံးရှေ့၌ အလားတူ ဆန္ဒပြလှုံ့ဆော်မှု ကျူးလွန်ခဲ့သဖြင့် တည်ဆဲဥပဒေအရ ထောင်ဒဏ်နှစ်နှစ် ပြစ်ဒဏ်ကျခံခဲ့ဖူးသူ ထောင်ထွက်တစ်ဦးဖြစ်သည်။ ထို့ပြင် အုန်းသန်းသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းတွင် ထင်ကျော်(ခေါ်)ကျော်ထင်တို့ လူစုနှင့်အတူ ဆန္ဒပြလှုံ့ဆော်မှု ထပ်မံကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးပြီး တည်ငြိမ်မှုနှင့် အေးချမ်းမှုပျက်ပြားအောင် မပြုလုပ်ရန်နှင့် ထုတ်ပြန်ထားသည့် နည်းဥပဒေများကို လိုက်နာရန် ရှင်းလင်းသတိပေးခဲ့ပြီးဖြစ်ကြောင်းနှင့် နောင်တွင် အလားတူ ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်မှုမပြုတော့ပါဟု ဝန်ခံကတိပြုခဲ့သူဖြစ်ကြောင်းလည်း သိရှိရသည်။

ပြည်ပအားကိုး

ထိုသို့ဝန်ခံကတိများ ပြုထားသော်လည်း ထင်ကျော်(ခေါ်)ကျော်ထင်တို့လူစု၏ လုပ်နည်းလုပ်ဟန်အတိုင်း NLDပါတီဝင် အုန်းသန်း(ထောင်ထွက်)အနေဖြင့် ယခုကဲ့သို့ ဆူပူလှုံ့ဆော်မှု ထပ်မံပြုလုပ်လာခြင်းကို မြင်တွေ့ကြားသိရသော ပြည်သူများက-

ယခု အုန်းသန်း၏ ဆန္ဒပြလှုံ့ဆော်ကြွေးကြော်မှုတွင် ကုလသမဂ္ဂ ကြီးကြပ်မှုကော်မရှင် ဖိတ်ခေါ်ရေးနှင့် ကုလသမဂ္ဂကြီးကြပ်မှုဖြင့် စစ်မှန်သောပြည်သူ့လွှတ်တော်ကျင်းပရန်ဟူသည့် ကြွေးကြော်သံများကိုကြည့်ပါက မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ် ကြိုးကိုင်နိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတို့ကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းအားထုတ်နေသည့် ပြည်ပဆရာကြီးများ၏ လုပ်ရပ်များကို ထောက်ခံကြိုဆိုသော ပြည်ပအားကိုးပုဆိန်ရိုး လုပ်ရပ်ဖြစ်သည်ကို တွေ့မြင်နိုင်ကြောင်း။

အုန်းသန်းအနေဖြင့် ၎င်း၏အဆိုပါလုပ်ရပ်ကို ပြည်ပဆရာကြီးများက အသိအမှတ်ပြုလာပြီး ဘွဲ့တံဆိပ်၊ ဆုလာဘ်များ ချီးမြှင့်မြှောက်စားလာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်မှာ ပေါ်လွင်ထင်ရှားနေကြောင်း။

ပမာမခန့်ပြုလုပ်

ယခု အုန်းသန်းနှင့်ထင်ကျော်တို့ကဲ့သို့ လူတစ်စု၏ တစ်ကိုယ်တော်ထင်ပေါ်ကျော်ကြားလိုမှု၊ နိုင်ငံရေးလှေကြုံစီးမှု၊ ပြည်ပမှချီးမြှောက်မည့် ဘွဲ့တံဆိပ် ဆုလာဘ်ရရှိလိုမှုစသည်တို့ဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လာသည့် ဆန္ဒပြလှုံ့ဆော်မှုများသည် ဆန့်ကျင်ဘက်နိုင်ငံရေးသမားဆိုသူများ၏ နိုင်ငံရေးလုပ်စားမှုဖက်ရှင်သဖွယ် ဖြစ်လာသည်ကို တွေ့နေရသဖြင့် လွန်စွာစိတ်ပျက်ဖွယ်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အတွေးတိမ်တိမ်ဖြင့် နိုင်ငံရေးလုပ်စားနေသူများ၏ လုပ်ရပ်မှာ ယိုသူမရှက် မြင်သူရှက်ဆိုသကဲ့သို့ ဖြစ်လာနေကြောင်း၊ မိမိတို့ ပြည်သူလူထု၏ တွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် နိုင်ငံရေးအသိ နိုးကြားတက်ကြွမှုကို ပမာမခန့်ပြုလုပ်ရာအထိ ရောက်လာနေကြောင်း။

ယင်းကဲ့သို့ နိုင်ငံရေးအရှုံးချေးပန်းတစ်စု၏ ပေါက်ပန်းဈေးလုပ်ရပ်ကြောင့် အကွပ်မဲ့ကြမ်း ပရမ်းပတာမဖြစ်ရလေအောင် သက်ဆိုင်ရာမှ ယခင်ကကဲ့သို့ ပညာပေးဆွေးနွေး ရှင်းလင်းပြောကြားမှုများဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်မနေသင့်တော့ဘဲ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်အရေးယူမှသာ တန်ကာကျမည်ဖြစ်ကြောင်း ဝေဖန်သုံးသပ်ပြောဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စဉ့်ကူးမြို့နယ်ကန်တောင်ကျေးရွာတွင် ရုံးပေါင်းစုံနှင့် စက်ရေတွင်းဖွင့် အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်

စဉ့်ကူး ဧပြီ ၁၂

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု ကန်တောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ ကျန်းမာရေးဌာနခွဲ၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ၊ အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ရုံးသစ်၊ စက်ရေတွင်းဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၁၁နာရီက အဆိုပါကျေးရွာတွင် ကျင်းပသည်။(အောက်ပုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာမြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးတင်ညွှန့်ဦးတို့က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ရုံးတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုစန်း၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာအေးအေးသန်းနှင့် အလှူရှင် ထက်ရည်လင်းကုမ္ပဏီမှ မန်နေဂျာ ဦးသန်းလွင်တို့က ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲရုံးနှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ရုံးတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းတို့က စက်ရေတွင်းကို ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလှူရှင်နှင့် တာဝန်ရှိသူတို့က အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများနှင့် အထိမ်းအမှတ်အလံများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ကြံခင်းကျောင်း ပရိယတ္တိစာ သင် တိုက် ကြီး အတွင်း၌ အသစ်ဆောက်လုပ်လျက်ရှိသော သုံးထပ်ကျောင်းတော် ကြီး အ တွက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁ရက်က ကျင်းပရာ ဦး သက် နိုင်၊ ဇနီး ဒေါ် မော် မော် ခိုင် မိသားစုက ၂၇၂/စ (၂) အေးရိပ်မွန် (၇)လမ်း (၅)ရပ်ကွက်နေ ကိုးသိန်း၊ အစ်မကြီးဒေါ်ခင်မြကိုအမှူးထား၍ ဦးဟုတ်ရှိန်၊ ဇနီးဒေါ်ခင်စမ်း မိသားစု ခြံအမှတ်(၁၇)/စိတ္တသုခလမ်း၊ (၇)ရပ်ကွက် လှိုင်က အလှူငွေသုံးသိန်းတို့ကို ကြံခင်းကျောင်း ဩဝါဒါစရိယ ဆရာတော် အရှင်ပဏ္ဍိစ္စရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးလွင် လက်ခံယူစဉ်။ (က-ပ)

ပုလောနှင့် ပလောက်တွင် ဆယ်အိမ်စုမှူးသင်တန်းဖွင့် ငါးနှစ်အောက်ကလေးများအား အာဟာရကျွေးမွေး

အိုင်အိုဒင်းဆားနှင့် မီးဖွားကိရိယာများပေးအပ်

မြိတ် ဧပြီ ၂၁

မြိတ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သည် မတ် ၂၅ရက် နံနက်က မြိတ်ခရိုင် ပုလောမြို့နယ်တွင် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပလောက်မြို့တွင်လည်းကောင်း လူထုပူးပေါင်းပါဝင်သည့် ငါးနှစ်အောက်ကလေးများ အာဟာရကျွေးမွေးခြင်းကို ကွင်းဆင်းစစ်ဆေးခြင်း၊ ဆယ်အိမ်စုမှူးသင်တန်းတွင် ထောက်ပံ့ငွေပေးအပ်ခြင်း၊ အိုင်အိုဒင်းဆားနှင့် ကိုယ်ဝန်ဆောင်တစ်ခါသုံးမီးဖွားကိရိယာများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆယ်အိမ်စုမှူးသင်တန်း

ရှေးဦးစွာ မြိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာအေးနှင့် အဖွဲ့ဝင်များသည် မတ် ၂၅ ရက် နံနက် ၁၁ နာရီက ပုလောမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကမ်းရိုးတန်း ရတနာခန်းမ၌ ဖွင့်လှစ်သည့် ဆယ်အိမ်စုမှူးသင်တန်းသို့ တက်ရောက်အမှာစကားပြောကြားပြီး ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ပေးအပ်ရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်သီတာညွန့်က လက်ခံရယူသည်။

ပလောက်မြို့နယ်

ထို့နောက် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာအေးသည် အဖွဲ့ဝင်များနှင့်အတူ မွန်းလွဲ ၂ နာရီတွင် ပလောက်မြို့ အစည်းအဝေးခန်းမ၌ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် ဆယ်အိမ်စုမှူးသင်တန်းတွင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေမြင့်က လက်ခံရယူသည်။ ထို့နောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် လူထုပူးပေါင်း ပါဝင်သည့် ငါးနှစ်အောက်ကလေးများ အာဟာရကျွေးမွေးခြင်းကို အားပေးကြည့်ရှု၍ **(အောက်ပုံ)** ကလေးမိခင်များအား အိုင်အိုဒင်းဆားနှင့် ကိုယ်ဝန်ဆောင်တစ်ခါသုံး မီးဖွားကိရိယာများကို ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပါဠိပထမပြန်စာမေးပွဲအောင် သံဃာတော်များအား မတ္တရာ၌အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းဆက်ကပ်

မတ္တရာ ဧပြီ ၂၁

မတ္တရာမြို့နယ် အမှတ်(၁)ရပ်ကွက် ဇေယျာသန အုတ်ကျောင်းတော်တွင် ၂၀၀၆ ခုနှစ် ပါဠိပထမပြန် စာမေးပွဲ၌ ဖြေဆိုအောင်မြင်တော်မူသော စာအောင်သံဃာတော် အရှင်သူမြတ်တို့အား အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၈ ခုနှစ် တန်ခူးလဆန်း ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောဝိဒ(ပါဠိပါရဂူ)ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

အောင်လက်မှတ်ဆက်ကပ်

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ပထမကြီးတန်းအောင် လေးပါး၊ ပထမလတ်တန်းအောင် ၁၈ပါး၊ ပထမငယ်တန်းအောင် ၂၂ပါးတို့အား မြို့နယ်ဥက္ကဋ္ဌနှင့် ဒုတိယရဲမှူးခင်မောင်စိုး၊ အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သာသနာရေးမှူး ဦးလင်းကြည်နှင့် ဓမ္မမာမကအလှူရှင်များက ဗဟို၊ တိုင်းနှင့် မြို့နယ်သံဃာတော် အရှင်သူမြတ် ပင့်သံဃာ ၁၉ပါး၊ စာချဆရာတော် ခြောက်ပါးတို့အား နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်ပူဇော် လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူရာ တပည့် ဒါယကာ၊ ဒါယိကာမတို့က တရားတော်များနာယူပြီး ရေစက်ချအမျှပေးဝေကြသည်။

(မြို့နယ် ပြန်/ဆက်)

မှုးယစ် ကင်းစင် အလှဆင်

ပြင်ဦးလွင်မြို့နယ်၌ ယဉ်ကျေးမှုသင်တန်းဖွင့်

ပြင်ဦးလွင် ဧပြီ ၂၁

ပြင်ဦးလွင်မြို့နယ်၏ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ရက် ညနေ ၆နာရီက ရပ်ကွက်ကြီး(၅) ပြည်တော်သာရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့် အမှာစကား

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာလွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးကြိုင်တို့က သင်တန်းဖွင့်အမှာစကား ပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

ကုသိုလ်ပြုပေးအပ်

ဆက်လက်၍ သင်တန်းနည်းပြမှူး ဦးတင်ထွန်းက သင်တန်းအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အသင်းဝင်များက သင်တန်းသား၊ သင်တန်းသူ ၁၃၅ဦးအတွက် ဗလာစာအုပ်များကို ပညာပါရမီ ဖြည့်ဆည်းကုသိုလ်ပြုပေးအပ်ကြကာ**(ဝဲပုံ)** အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

27-4 (07) 1 4/26/07, 12:42 PM

ဗိုလ်လောင်းတပ်ခွဲစစ်ဆေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ဒီသင်တန်းမှာ စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့နဲ့ စိုက်ပျိုးရေးဘွဲ့စသည်ဖြင့် ဘွဲ့အသီးသီးရတဲ့ တိုက်ရိုက်ဗိုလ်လောင်းများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နဲ့ အင်ဂျင်နီယာ ဒီပလိုမာရတဲ့ စစ်မှုထမ်းဗိုလ်လောင်းများနဲ့ သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီလို့ ချီးမြှင့်ခြင်းခံရတဲ့ စစ်မှုထမ်းဗိုလ်လောင်းအချို့ ပါဝင်တက်ရောက်ခဲ့ကြတာဖြစ်တယ်။

စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်းနဲ့ စွန့်လွှတ်စွန့်စားရဲခြင်းဆိုတဲ့ အင်္ဂါရပ်တွေနဲ့ အထူးပြည့်စုံနေဖို့ လိုအပ်တယ်။

မျိုးချစ်စိတ်ဓာတ်ဆိုရာမှာ နိုင်ငံနဲ့လူမျိုးရဲ့သမိုင်းကြောင်းကို ခြေခြေမြစ်မြစ်သိရှိပြီး သမိုင်းကပေးတဲ့သင်ခန်းစာအပေါ်မှာ အခြေတည်တဲ့ မျိုးချစ်စိတ်ဓာတ်ဖြစ်ရမယ်။ အခြေခံအကြောင်းတရားမပါတဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ဆိုရင် အန္တရာယ်ရှိတဲ့ မျက်ကန်းမျိုးချစ်ဖြစ်သွားနိုင်တယ်။

အသက်ကို ပမာမထားဘဲ စွန့်လွှတ်စွန့်စားရဲခြင်းဟာ စစ်သားဂုဏ်ရည်ဖြစ်

တပ်မတော်သားကောင်းပီသစွာ သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်၊ တာဝန်ကို စွန့်စွန့်စားစားထမ်းဆောင်

ဗိုလ်လောင်းသင်တန်းကို တက်ရောက်ခွင့်ရဖို့အတွက် ရဲဘော်တို့ဟာ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှာ စိတ်ဓာတ်၊ ဉာဏ်ပညာ၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှု၊ ခေါင်းဆောင်နိုင်မှုအလားအလာစသည်ဖြင့် ဘက်ပေါင်းစုံက အစစ်ဆေးခံပြီးမှ ဆန်ကာတင်ရွေးချယ်ခြင်းကို တစ်ပြေးညီခံခဲ့ကြရတာဖြစ်တယ်။ သင်တန်းကျောင်းကိုရောက်ရှိလာကြတဲ့အခါ **တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်** ဆိုတဲ့ သင်တန်းရဲ့ ရည်ရွယ်ချက်နဲ့အညီ အပြည့်အဝလေ့ကျင့်ပေးခြင်းကို အောင်မြင်စွာခံယူခဲ့ကြရပြီးဖြစ်တယ်။ ယနေ့ဆိုရင် တပ်မတော်မှာ ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်ခြင်းကို ခံကြရတော့မှာဖြစ်တာကြောင့် ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက်မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့–

နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် သစ္စာပြုထားကြတဲ့ တပ်မတော်သားတွေမှာ မျိုးချစ်စိတ်ဓာတ်ခိုင်မာခြင်း၊ တို့နိုင်ငံရဲ့သမိုင်းမှာ နိုင်ငံသားတွေ စည်းလုံးညီညွတ်တဲ့ကာလဆိုရင် နိုင်ငံဟာ အင်အားခိုင်မာတောင့်တင်းခဲ့ပြီး သွေးကွဲတဲ့ကာလတိုင်း နိုင်ငံဟာ အင်အားချိနဲ့တတ်တဲ့အပြင် ပြိုကွဲပျက်စီးသွားခဲ့ဖူးတဲ့ သာဓကတွေဟာ သမိုင်းရဲ့သင်ခန်းစာတွေပဲဖြစ်တယ်။ **ဒါကြောင့် ပြည်ထောင်စုရဲ့ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲတဲ့ပြည်ထောင်စုစိတ်ဓာတ်မွေးမြူသွားကြဖို့ဟာ အလွန်အရေးကြီးပြီး ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမယ့် စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ် ဖြစ်တယ်။** ရဲဘော်တို့ဟာ ရောက်ရာဒေသမှာ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေးအတွက် ကြိုးပမ်းထမ်းဆောင်ကြဖို့လိုကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

တပ်မတော်သားတွေဟာ မျိုးချစ်စိတ်ဓာတ် ခိုင်မာရုံသာမက စည်းကမ်းကောင်းဖို့ အထူးလိုအပ်တယ်။ စည်းကမ်းတို့ ဥပဒေတို့ဆိုတာ လုပ်သင့်တာကို တိုက်တွန်းပြီး မလုပ်သင့်တာကို တားမြစ်ခြင်းပဲဖြစ်တယ်။ ဒါကြောင့်စည်းကမ်းဟာ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်တဲ့ တပ်မတော်ရဲ့ တည်ရာမှီရာပဲဖြစ်တယ်။ တပ်မတော်ကို စည်းကမ်းနဲ့ ရစ်ဖွဲ့စည်းနှောင်ထားတာ ဖြစ်တဲ့အတွက် စည်းကမ်းပျက်ရင် တပ်ပျက်မှာဖြစ်ပြီး စည်းကမ်းကောင်းရင် တပ်ကောင်းဖို့အတွက် ခိုင်မြဲတဲ့အခြေခံကို ရရှိပြီးဖြစ်လိမ့်မယ်၊ ဒါကြောင့် ရဲဘော်တို့ဟာ မိမိကိုယ်တိုင်နဲ့ မိမိကွပ်ကဲရတဲ့တပ်ကို စည်းကမ်းအရာမှာ စံနမူနာပြဖြစ်အောင် တည်ဆောက်ကြဖို့ လိုအပ်တယ်။

ထို့အတူပဲ ရဲဘော်တို့ဟာ သစ္စာလေးချက်ကို မပျက်မယွင်းအောင် စောင့်ထိန်းကြရမယ်။ သစ္စာဆိုတာ မှန်ကန်စွာဆိုသောစကားဖြစ်တယ်၊ ကျမ်းကျိန်ရခြင်း၊ သစ္စာဆိုရခြင်းဆိုတာဟာ တပ်မတော်ရဲ့ ထူးခြားတဲ့ ဓလေ့ထုံးတမ်းတစ်ခုဖြစ်တယ်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ထားရှိတဲ့ သစ္စာတရားကြောင့်လဲ တပ်မတော်ဟာ မြင့်မြတ်မှုဆိုတဲ့ ဂုဏ်ပုဒ်ကို ရရှိနေတာဖြစ်တယ်။ ဒါကြောင့် **ရဲဘော်တို့ဟာ သစ္စာလေးချက်ကို ခိုင်ကျည်စွာ စောင့်ထိန်းကြရမယ်၊ သစ္စာလေးချက်ကို သက်စွန့်ကြိုးပမ်း စောင့်ထိန်းလိုစိတ်ရှိမှလဲ နိုင်ငံနှင့်လူမျိုးအတွက် စွန့်လွှတ် စွန့်စားရဲကြမှာဖြစ်တယ်၊ အသက်ကို ပမာမထားဘဲ စွန့်လွှတ်စွန့်စားရဲခြင်းဟာ စစ်သားဂုဏ်ရည်ဖြစ်တယ်၊** ဒါကြောင့် ရဲဘော်တို့ဟာ တပ်မတော်သားကောင်းပီသစွာ သစ္စာလေးချက်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး တာဝန်ကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

ရဲဘော်တို့ကို ယခုပြောကြားခဲ့တဲ့ အချက်တွေဟာ တပ်မတော်ရဲ့ အစဉ်အလာအချို့ပဲဖြစ်တယ်၊ အစဉ်အလာကြီးမားခဲ့တဲ့ တပ်မတော်ဟာ နိုင်ငံတော် ပြိုကွဲပြီး အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးတော့မယ့် အန္တရာယ်ကြုံတိုင်း ပြည်သူရှေ့က မားမားရပ်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်ခဲ့စမြဲ ဖြစ်တယ်။

နိုင်ငံတော်မှာ ပထမဆုံးရင်ဆိုင်ခဲ့ရတဲ့ အန္တရာယ်ကတော့ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်ခဲ့တဲ့ ပြည်တွင်းရောင်စုံ သောင်းကျန်းမှုနဲ့ ပြည်ပကျူးကျော်မှု ဖြစ်တယ်၊ ကိုလိုနီနယ်ချဲ့စနစ်ရဲ့ သွေးခွဲမှုကြောင့် ပြည်တွင်းရောင်စုံသောင်းကျန်းမှုဟာ အကြီးအကျယ်ပေါ်ပေါက်ခဲ့ပြီး အစိုးရရဲ့ အာဏာဟာ ရန်ကုန်ကွက်ကွက်ကလေးသာ သက်ရောက်တော့တဲ့ အခြေအနေကို ရောက်ရှိခဲ့ရတယ်၊ ထို့အတူပဲ ပြည်ပပရောဂကြောင့် ကူမင်တန်တွေဟာ မြန်မာ့ပိုင်နက်ကို ကျူးကျော်လာခဲ့ကြတယ်၊ အဲဒီအချိန်မှာ တပ်မတော်ဟာ ရှိသမျှ လူသူလက်နက်နဲ့ အန္တရာယ်မှန်သမျှကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့တယ်။

နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့တဲ့ ဒုတိယအန္တရာယ်ကတော့ ၁၉၅၈ခုနှစ်က အာဏာရပါတီတွင်း အကွဲအပြဲဖြစ်တယ်၊ တချို့ပါတီတွေဟာ ခါးပိုက်ဆောင်တပ်တွေ ဖွဲ့ခဲ့ကြပြီး တချို့ကတော့ မြေအောက်သောင်းကျန်းသူတွေနဲ့ ဆက်သွယ်ခဲ့ကြတယ်၊ ပါတီတွင်း အကွဲအပြဲဟာ နိုင်ငံတော်မှာ သွေးချောင်းစီးခါနီးအထိ ပြင်းထန်ခဲ့တယ်၊ အဲဒီအချိန်မှာ အာဏာရပါတီရဲ့ အကူအညီတောင်းခံမှုကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရတယ်။

တတိယအန္တရာယ်ကတော့ ၁၉၆၂ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပြည်ထောင်စုကြီး ပြိုကွဲမယ့်အန္တရာယ်ပဲဖြစ်တယ်၊ နယ်ချဲ့အလိုကျ ရေးဆွဲခဲ့ရတဲ့

❐ ယနေ့တပ်မတော်ဟာ ပြည်သူတို့ရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုအတွက် စားဝတ်နေမှု ဖူလုံရေးနဲ့ ပညာတတ်နိုင်ငံတော်ဖြစ်ရေးတို့ဟာ မရှိမဖြစ်တဲ့ လိုအပ်ချက်တွေပဲဖြစ်။

ငွေဓားဆုချီးမြှင့်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အကောင်းဆုံး ဗိုလ်လောင်းဆုရ ဗိုလ်လောင်းအေးမင်းကြည်အား ငွေဓားဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာပါတဲ့ အားနည်း ချို့ယွင်းချက်အပေါ် မူတည်ပြီး ပြည်နယ်ခွဲထွက်ရေး ကြိုးပမ်းမှုတွေ ပေါ်ပေါက်ခဲ့တယ်။ ဒီအန္တရာယ်ကိုလဲ တပ်မတော်ကပဲ ကာကွယ်ခဲ့ရတယ်။

စတုတ္ထအန္တရာယ်ကတော့ မင်းမဲ့စရိုက်တွေလွှမ်းမိုးပြီး မြို့ပေါ်နေပြည်သူလူထုအပါအဝင် နိုင်ငံသားအားလုံးဟာ အသက်ကိုဖက်နဲ့ထုပ်ထားရတဲ့ အခြေအနေမျိုးကိုရောက်ခဲ့တဲ့ ၁၉၈၈ ခုနှစ် အရေးအခင်းပဲဖြစ်တယ်။ တပ်မတော်ဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ ရယူပြီး တိုင်းပြည်ကို ငရဲတွင်းထဲကနေ ကယ်ထုတ်လိုက်ရတာဖြစ်တယ်။

ဒီလို **နိုင်ငံတော်အပေါ်မှာ အန္တရာယ်ကျရောက်တိုင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် အကာအကွယ်ပေးခြင်းဟာ တပ်မတော်ရဲ့ သစ္စာတရားပဲဖြစ်ကြောင်း ပြောကြားလိုတယ်။**

ရဲဘော်တို့-

ယနေ့ တပ်မတော်ဟာ ပြည်သူတို့ရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုအတွက် စားဝတ်နေမှုဖူလုံရေးနဲ့ ပညာတတ်နိုင်ငံတော်ဖြစ်ရေးတို့ဟာ မရှိမဖြစ်တဲ့ လိုအပ်ချက်တွေပဲဖြစ်တယ်။ နိုင်ငံတော်မှာ အေးချမ်းသာယာမှုနဲ့ တရားဥပဒေစိုးမိုးမှု မရှိရင်ရှေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုတွေ ဖြစ်ပွားနိုင်တယ်။ ပြည်သူလူထုအတွက် စားဝတ်နေမှုဖူလုံခြင်းမရှိရင် ငွေကြေးနဲ့ မတရားမဲဆွယ်မှုတွေ ဖြစ်ပေါ်နိုင်တယ်။ ထို့အတူပဲနိုင်ငံသားတွေ ပညာရည် ပြည့်ဝမှုမရှိရင် လိမ်ခြင်း၊ ညာခြင်း၊ ဖြားယောင်းခြင်း၊ သွေးဆောင်ခြင်းတို့ကို ခံရနိုင်တယ်။ ဒါကြောင့် **ဒီနေ့ တပ်မတော်က ငြိမ်းချမ်းရေးအတွက် အခြေခံကောင်းတွေ၊ စီးပွားရေးအတွက် အခြေခံကောင်းတွေနဲ့ ပညာရေး၊ ကျန်းမာရေးတို့အတွက် အခြေခံကောင်းတွေကို ဘယ်ခေတ်ကနဲ့မှ မတူအောင် တည်ဆောက်ပေးလျက်ရှိတယ်။ ဒါဟာ တပ်မတော်သည် ပြည်သူ့အတွက်ဆိုတဲ့ မူအရ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးခြင်းသာ ဖြစ်တယ်။**

ယခုဆိုရင် ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းဖို့အတွက် နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး ပြည်သူနဲ့ လက်တွဲဆောင်ရွက်လျက်ရှိရာမှာ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးဟာ အပြီးသတ်လုပြီဖြစ်တယ်။ ကျန်တဲ့အဆင့်တွေဟာလဲ ပြည်သူတွေရဲ့ လက်တွဲကြိုးပမ်းဆောင်ရွက်မှုကြောင့် အောင်မြင်စွာ ပြီးမြောက်သွားမှာပဲဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ပါတီစုံဒီမိုကရေစီစနစ်အတွက် နိုင်ငံတော်ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းရာမှာ မြန်မြန်ဆန်ဆန် ပြီးမြောက်အောင် မနားမနေ ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

စစ်ဘက်ခေါင်းဆောင်ငယ်များဖြစ်တဲ့ ရဲဘော်တို့ဟာ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာအောင် ကြိုးစားကြရမယ်။ ရာထူးကိုသာ အမိန့်စာနဲ့ ခန့်လို့ရတာဖြစ်ပြီး ခေါင်းဆောင်ဘဝကို ရရှိဖို့အတွက်တော့ မိမိတို့ကိုယ်တိုင် ကြိုးစားကြရမှာ ဖြစ်တယ်။ ဦးစွာပထမ ခေါင်းဆောင်မှုအင်္ဂါရပ်တွေနဲ့ ညီညွတ်အောင် ကျင့်ကြံနေထိုင်ကြရမယ်။ ဒါ့အပြင်ခေါင်းဆောင်နဲ့ ထိုက်တန်တဲ့ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်တွေနဲ့လဲ ပြည့်စုံအောင် ကြိုးပမ်းအားထုတ်ကြရမယ်။ စစ်ဘက်တာဝန်မှာ ခေါင်းဆောင်မှုနဲ့အတူ ကြီးကြပ်မှုနဲ့ ကွပ်ကဲမှုဆိုတာလဲရှိတယ်။ တပ်ဖွဲ့တစ်ခုမှာ ခေါင်းဆောင်ကောင်းတစ်ယောက်ရှိနေရုံမျှနဲ့ပင် ကြီးကြပ်ကွပ်ကဲမှု ဆင့်ကဲဖြစ်စဉ်တွေဟာ ကောင်းပြီးသား ဖြစ်လိမ့်မယ်။ သို့သော် ကြီးကြပ်ကွပ်ကဲမှု ကောင်းရုံနဲ့တော့ ခေါင်းဆောင်ကောင်း မဖြစ်သေးတာကို သတိပြုရမယ်။ ကြီးကြပ်မှုနဲ့ ကွပ်ကဲမှုဆိုတာ ရာထူးတာဝန်အရ သာမန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းသာဖြစ်တယ်။ ခေါင်းဆောင်ဆိုတာကတော့ နောက်လိုက်ငယ်သားများက ခေါင်းဆောင်အဖြစ် တင်မြှောက်မှုကို ခံယူရရှိသူဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တပ်ဖွဲ့ဝင်တွေရဲ့ ယုံကြည်လေးစားအားထားခြင်းကို ခံယူရရှိတဲ့ ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းကြရမယ်။

ရဲဘော်တို့ကို အရည်အသွေးမြင့်မားတဲ့အဆင့်ဆင့်သော ခေါင်းဆောင်တွေ ဖြစ်လာအောင် ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူးသင်တန်းတွေကို တက်ရောက်စေမှာဖြစ်တယ်။ ထို့အတူပဲ လက်ရွေးစင် ခေါင်းဆောင်တွေဖြစ်လာတာနဲ့အမျှ စစ်ဦးစီးတက္ကသိုလ်သင်တန်းကို တက်ရောက်ရမှာဖြစ်တယ်။ ဒါ့အပြင် အဆင့်မြင့်ခေါင်းဆောင်တွေအဖြစ် လျာထားခြင်းခံရသူတွေဟာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကို တက်ရောက်ခွင့်ရကြမှာဖြစ်တယ်။ ဒါဟာ တပ်မတော်ကို လေ့ကျင့်ရေးနဲ့ တည်ဆောက်နေတာပဲဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ သင်တန်းတက်ခွင့်ရခြင်းကို ဆုလာဘ်တစ်ပါးလို သဘောထားပြီး အဆင့်နဲ့လျော်ညီစွာ တက်ရောက်ခွင့်ရတဲ့ သင်တန်းတွေမှာ အထူးကြိုးစားကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးအားဖြင့် ပြောကြားရရင်-

- **တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်း ထိန်းသိမ်းသယ်ဆောင်ကြပါ။**
- **နိုင်ငံတော်၊ နိုင်ငံသားနဲ့ တပ်မတော်အပေါ် ထားရှိတဲ့ သစ္စာတရားကို ခိုင်ကျည်စွာ စောင့်ထိန်းကြပါ။**
- **နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရာမှာ မြန်မြန်ဆန်ဆန် ပြီးမြောက်အောင် မနားမနေ ဆောင်ရွက်ကြပါ။**
- **ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။** ။

* *ကျောဖုံးမှ*

ချီတက်အလေးပြု

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ငွေဓားဆုချီးမြှင့်

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၅၅) ဗိုလ်လောင်းအေးမင်းကြည်အား ငွေဓားဆုကို ချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

(ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနား တက်ရောက်ကြသူများ

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဂုဏဝိသိဋ္ဌပူဇာနှင့် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသော ကျုံမငေးမြို့ စက်ရုံမဓမ္မရိပ်သာ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုမနနှင့် ဝါးခယ်မမြို့ ရွှေသံလွင် ပရိယတ္တိစာသင်တိုက် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုသလ သာသနာ့ဓဇ ဓမ္မာစရိယ၊ သာသနာ့ တက္ကသီလ မဟာ ဓမ္မာစရိယ M.A (Buddhism) တို့အား၊ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့်အတူ ဝါးခယ်မမြို့နေ ဝါးခယ်မ အထက(၁)၊(၂) နှင့် အလက (၁)၊ (၂)၊ အမကတို့မှ သက်ပြည့်အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီ တွင် ဝါးခယ်မမြို့နယ်အသင်း ရုံးခွဲ (စာရေးကုန်း ဝါးခယ်မ)၌ ကျင်းပမည့်အပြင် ရန်ကုန်မြို့နေ ဗိုလ်ကြီး သန်းဌွေး (ငြိမ်း) ဒေါ်ဖြူဖြူမိသားစုတို့က ဝါးခယ်မ မင်းပိုင်း အမကနှင့် ဝါးခယ်မမြို့နယ် အသင်း အကျိုးတော်ဆောင်အဖွဲ့ (ဝါးခယ်မ)သို့ အလှူငွေများ လှူဒါန်းမည်ဖြစ်သည်။

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) တည်ရာ ရန်ကုန်မြို့ လသာမြို့နယ် စဥ့်အိုးတန်းလမ်း အမှတ် ၁၂ ပထမထပ်၌ မေ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့နေ ဝါးခယ်မ အထက(၁)၊(၂)နှင့် အလက(၁)၊(၂)၊ အမကတို့မှ သက်ပြည့်အငြိမ်းစား ဆရာ၊ ဆရာမကြီးတို့အား အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရှိ ဝါးခယ်မမြို့နယ်အသင်းတိုက် ဖုန်း- ၂၂၆၅၉၀ သို့လည်းကောင်း၊ ဝါးခယ်မမြို့နယ် အသင်းရုံး(ခွဲ) ဖုန်း-၀၄၂-၆၀၁၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၉-၄-၂၀၀၇)ရက်နေ့
၂၀၀၇ခုနှစ် မေလအတွက်
(၁၃-၅-၂၀၀၇)ရက်နေ့
နှင့်
(၂၇-၅-၂၀၀၇)ရက်နေ့

မြန်မာ့ရုပ်မြင်သံကြား

၂၇-၄-၂၀၀၇ ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	ကြေးမုံရိပ်သွင်တေးနယဉ်
၈:၂၅	၈။	ဝန်ဖိုက်ချောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Happy And Educational English Summer Course MRTV
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀	၅။	မြန်မာစာ မြန်မာစကား
၁၇:၁၀	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၂၀	၇။	နှောင်းခေတ်တေးပဒေသာ
၁၇:၃၀	၈။	**"ကောင်းခြင်းဝေဖြာ"** (ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး) (ဒါရိုက်တာ-ကိုအောင်မိုး-ပဲရစ်)
၁၇:၄၅	၉။	မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့ (အပိုင်း-၂)
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်ကလေး၏ ရင်ခုန်သံ"** (အပိုင်း-၁၇)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"** (အပိုင်း-၃၀)
	၁၈။	နောက်တစ်နေ့ အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

တရုတ်နိုင်ငံ ကျန်စုပြည်နယ်ရှိ ယန်ကျီ မြစ်ကူးတံတား တည်ဆောက်နေမှုကို ဧပြီ၂၃ရက်က တွေ့ရစဉ်။

(၎င်းတံတားသည် ၁၀၈၈ မီတာ ရှည်လျားသည်)။

(ဓာတ်ပုံ-အင်တာနက်)

လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်ရရှိရေး အိန္ဒိယနှင့် နယူးဇီလန်တို့ ဆွေးနွေး

ဝေါလင်တန် ဧပြီ ၂၆

နယူးဇီလန်နှင့် အိန္ဒိယနိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ရရှိစေရန်အတွက် ဆွေးနွေးမှုများ စတင်ပြုလုပ်ကြရေး နယူးဇီလန်ကုန်သွယ်ရေးဝန်ကြီး ဖီးလ်ဂေါ့ဖ်က နယူးဇီလန်နိုင်ငံသို့ရောက်ရှိနေသော အိန္ဒိယကုန်သွယ်ရေးဝန်ကြီး ကာမယ်လ်နတ်အား ဝေါလင်တန်မြို့၌ တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

အိန္ဒိယနှင့် နယူးဇီလန်နိုင်ငံတို့သည် ပြီးခဲ့သော သုံးနှစ်ကျော်က နှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်း ရှစ်ရာခိုင်နှုန်း ကျော်ရရှိခဲ့ကြသည်။ အိန္ဒိယနိုင်ငံသည် နယူးဇီလန်နိုင်ငံအတွက် အရေးပါသော ဈေးကွက်နှင့် မိတ်ဆွေဖက်နိုင်ငံအဖြစ် ရောက်ရှိလာလျက်ရှိသည်။

တင်ပို့မှု

နယူးဇီလန်သည် အိန္ဒိယနိုင်ငံသို့ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီအထိ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာသန်း ၂၅၀ရှိခဲ့သည်။ ၎င်းမှာ နယူးဇီလန်အနေဖြင့် လောလောဆယ်အချိန်တွင် ပြည်ပပို့ကုန် ဒုတိယအများဆုံး တင်ပို့နိုင်ခြင်းပင်ဖြစ်ကြောင်း၊ နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး ဖီးလ်ဂေါ့ဖ်က ပြောကြားသည်။

အကျိုးပြု

အိန္ဒိယနိုင်ငံမှ ခရီးသွားများနှင့် ကျောင်းသားများ လာရောက်မှုနှင့် စီးပွားရေးနယ်ပယ်တွင် အကျိုးပြုမှုများ ပိုမိုတိုးတက်လျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

နှစ်နိုင်ငံအကြား ပူးတွဲကုန်သွယ်ရေးကော်မရှင်၏ ဆွေးနွေးမှုများအရ ယခုနှစ်ကုန်တွင် အိန္ဒိယနှင့်နယူးဇီလန် နိုင်ငံတို့အနေဖြင့် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်ရရှိရေး ဖြစ်ပေါ်လာနိုင်ကြောင်း နယူးဇီလန် ကုန်သွယ်ရေးဝန်ကြီး ဖီးလ်ဂေါ့ဖ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကွာလာလမ်ပူ-စင်ကာပူ လေကြောင်းခရီးစဉ် တိုးချဲ့မည်

ကွာလာလမ်ပူ ဧပြီ ၂၆

နှစ်နိုင်ငံအကြား လေကြောင်းခရီးစဉ်များ တိုးချဲ့ဖွင့်လှစ်ရေးနှင့် ပတ်သက်၍ စင်ကာပူပို့ဆောင်ရေးဝန်ကြီးဌာနမှ အရာရှိများနှင့် လာမည့်မေလအစောပိုင်း၌ တွေ့ဆုံဆွေးနွေးရန် မလေးရှားပို့ဆောင်ရေးဝန်ကြီးဌာနမှအရာရှိများက မျှော်လင့်ထားကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

မိမိတို့အနေဖြင့် စင်ကာပူပို့ဆောင်ရေးဝန်ကြီးဌာနမှ အကြောင်းပြန်ကြားချက်တစ်ရပ်ကို စောင့်ဆိုင်းလျက်ရှိကြောင်းမလေးရှားပို့ဆောင်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဧပြီ ၂၃ ရက်၌ ပြောကြားသည်။

တိုးချဲ့ရေး

အဆိုပါ ဆွေးနွေးပွဲကို စင်ကာပူနိုင်ငံတွင် ဆွေးနွေးကြမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကျိုးအမြတ်များသောကွာလာလမ်ပူ-စင်ကာပူလေကြောင်း ခရီးစဉ်များ တိုးချဲ့ရေးအတွက် ပွင့်လင်းစွာ ဆွေးနွေးကြမည်ဖြစ်သည်။

ပြေးဆွဲရန်

လောလောဆယ်တွင် မလေးရှားနိုင်ငံမှ အဲအာရှလေကြောင်းလိုင်းနှင့် စင်ကာပူနိုင်ငံမှ တိုက်ဂါးအဲဝေးတို့က ကွာလာလမ်ပူ-စင်ကာပူလေကြောင်း ခရီးစဉ်တွင် ပါဝင်ပြေးဆွဲရန် စိတ်ဝင်စားနေကြောင်း အချိန်ကြာမြင့်စွာကပင် ပြောကြားထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပသည့် ၂၀၀၇ ခုနှစ် အလှမယ်ရွေးချယ်ပွဲတွင် အလှမယ်ဘွဲ့ ရရှိသူတစ်ဦးကို ဧပြီ၂၄ရက်က တွေ့ရစဉ်။

(၎င်းသည် မက္ကဆီကိုနိုင်ငံတွင် ကျင်းပမည့် မယ်စကြဝဠာရွေးချယ်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်သည်)။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက်မှု နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၆

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် ဧပြီ ၂၄ရက်က ကားအတွင်းထောင်ထားသော ဗုံးပေါက်ကွဲမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရကြောင်းရဲသတင်းရပ်ကွက်တစ်ခုမှ ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းမြို့ ပါလက်စတိုင်းလမ်းပေါ်ရှိ ရှာဘာကာရင်ပြင်အနီးရှိ ကားတစ်စီးအတွင်း ယင်းနေ့ မွန်းလွဲပိုင်းက ဗုံးပေါက်ကွဲခဲ့ကြောင်း၊ နှစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

ပျက်စီး

ပေါက်ကွဲမှုသည် အနီးအနားရှိ အရပ်သားကားများနှင့် အဆောက်အအုံများစွာကိုလည်း ပျက်စီးစေခဲ့ကြောင်း ယင်းရပ်ကွက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း အဒါမီရက်ခရိုင် မဂ်ရစ်လမ်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း ယင်းသတင်းရပ်ကွက်က ဆိုသည်။

ပေါက်ကွဲ

ယင်းနေ့စောစောပိုင်းက ဘဂ္ဂဒက်မြို့အရှေ့ပိုင်းအယ်လ်ကာနက် လမ်းတွင် ဖြတ်သန်းသွားသော အမေရိကန်ကင်းလှည့်ကားအနီး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ယင်းဟန်ဗီးယာဉ်ပျက်စီးသွားကြောင်း ယင်းသတင်းရပ်ကွက်က ထပ်လောင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီတလီနည်းပညာတက္ကသိုလ် ပါကစ္စတန်နိုင်ငံ ကရာချိ၌ ဖွင့်လှစ်မည်

အစ္စလမ္မာဘတ် ဧပြီ ၂၆

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့၌ အီတလီနိုင်ငံက နှစ်နှစ်အတွင်း အင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ် တည်ဆောက်ပေးမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံပိုင် သတင်းဌာနတစ်ခုက ဧပြီ ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်း တက္ကသိုလ်ကို အီတလီ နည်းပညာတက္ကသိုလ်က ဦးဆောင်၍ တည်ဆောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ၂၀၀၉ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟွန်ဒိုင်းကားများ တိုးမြှင့်ထုတ်လုပ်မည်

ဆိုးလ် ဧပြီ ၂၆

တောင်ကိုရီးယားနိုင်ငံ၏ ကားအများဆုံး ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော ဟွန်ဒိုင်းကားကုမ္ပဏီနှင့် ကီယာမော်တာကော်ပိုရေးရှင်းတို့သည် ဥရောပ၌ တည်ဆောက်ထားသော ကားထုတ်လုပ်ရေးစက်ရုံများ စွမ်းအားပြည့်လည်ချိန်ဖြစ်သည့် ၂၀၁၀ပြည့်နှစ်တွင် ကားစီးရေ ၁ဒသမ၂၂သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား နေ့စဉ်သတင်းစာ ယွန်ဟက်က ဧပြီ ၂၄ ရက်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့အရှားပါးဆုံး ကြွက်ကြီးအား ဗီဒီယိုရိုက်ကူး

ကွာလာလမ်ပူ ဧပြီ ၂၆

ကမ္ဘာ့အရှားပါးဆုံး ဦးချိုနှစ်ခုပါ ကြွက်ကြီးတစ်ကောင်ကို ဘော်နီယိုကျွန်းတွင် ပထမဆုံးအကြိမ် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးနိုင်ခဲ့ကြောင်း မလေးရှားတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါကြွက်ကြီး၏နေထိုင်ကျက်စား သွားလာလှုပ်ရှားပုံများကို ယခုနှစ်ဆန်းပိုင်းက ဘော်နီယိုကျွန်း တောကြီးမြက်မည်းအတွင်း ဗုက်ထားသော ဗီဒီယိုကင်မရာတစ်လုံးက မှတ်တမ်းတင် ရိုက်ကူးခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ပြန်ပေးဆွဲခံရသော မက္ကဆီကိုသတင်းထောက် အမေရိကန်နယ်စပ်၌ သေဆုံးလျက်တွေ့ရှိ

မွန်တာရီ (မက္ကဆီကို) ဧပြီ ၂၆

မက္ကဆီကို သတင်းထောက်တစ်ဦးသည် လွန်ခဲ့သော သီတင်းပတ်က အမေရိကန်နယ်စပ်အနီး ရဲစခန်းအပြင်ဘက် လမ်းဘေးကွင်းတစ်ခု၌ ရိုက်နှက်ခံရပြီး သေဆုံးလျက်တွေ့ရကြောင်း ရဲတပ်ဖွဲ့က ဧပြီ ၂၄ရက်တွင် ပြောကြားသည်။

အသက် ၃၅နှစ်ရှိ သတင်းထောက် မာတီနက်၏ ရုပ်အလောင်းကို ယင်းအလုပ်လုပ်နေသော အဂူယာပရီယက်တာမြို့ လမ်းဘေးရှိ တွင်းတစ်တွင်း၌ ဧပြီ ၂၃ရက်က သေဆုံးလျက်တွေ့ရကြောင်း၊ ၎င်းကို လွန်ခဲ့သော နှစ်ပတ်က သေနတ်သမားလေးဦးက ပြန်ပေးဆွဲသွားခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ရေနံနှင့် သဘာဝဓာတ်ငွေ့များမှ အကျိုးအမြတ်များ ၂၀၀၉-၂၀၁၀ နှစ်၌ ရရှိမည်ဟု ဝန်ကြီးချုပ်ဟွန်ဆင်ပြောကြား

ဖနောင်ပင် ဧပြီ ၂၆

ကမ္ဘောဒီးယားနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့များမှ အကျိုးအမြတ်သည် လာမည့် ၂၀၀၉-၂၀၁၀ နှစ်တွင် ရရှိလာတော့မည်ဖြစ်သဖြင့် စိုးရိမ်ပူပန်စရာမလိုကြောင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆင်က ဖနောင်ပင်မြို့တွင် ဧပြီ ၂၄ ရက်၌ ပြောကြားလိုက်သည်။

မိမိတို့ ကမ္ဘောဒီးယားနိုင်ငံသားများအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များမှ ရရှိသော အကျိုးအမြတ်များကို အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် သယ်ယူ ပို့ဆောင်ရေးဝန်ကြီးဌာန၏ နှစ်ပတ်လည် လုပ်ငန်း ညှိနှိုင်းပွဲတွင် မစ္စတာဟွန်ဆင်က ပြောကြားသည်။

အသုံးပြု

အဆိုပါ ရရှိမည့် အကျိုးအမြတ်ငွေကြေးများကို နိုင်ငံတစ်ဝန်းရှိ လမ်းမကြီးများနှင့် ကျေးလက်လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ ချိတ်ဆက်ခြင်း လုပ်ငန်းများတွင် အသုံးပြုသွားမည် ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။

ကြိုးစား

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံ၏ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများတွင်လည်း အဓိကထား သုံးစွဲသွားမည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် နိုင်ငံရေး တည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် မိမိတို့အနေဖြင့် နှစ် ၃၀ခန့်အတွင်း သုညအဆင့်မှ လက်ရှိအနေအထားရောက်အောင် ကြိုးစားခဲ့ရကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အရှေ့တောင်ဥရောပ လူကုန်ကူးမှု နှီးနှောဖလှယ်ပွဲ ဆိုဖီယာမြို့တွင် စတင်ကျင်းပ

ဆိုဖီယာ ဧပြီ ၂၆

အရှေ့တောင်ဥရောပအတွင်း လူကုန်ကူးမှု ပြဿနာဖြေရှင်းရေး နှီးနှောဖလှယ်ပွဲတစ်ရပ်ကို ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့၌ ဧပြီ ၂၄ ရက်က စတင်ကျင်းပကြောင်း ဘီတီအေသတင်းဌာနက ကြေညာသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ အရှေ့တောင်ဥရောပမှ နိုင်ငံနှင့်ဒေသ ၁၀ခုမှ အစိုးရအရာရှိများ၊ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀ခန့် တက်ရောက်ကြသည်။

ဤနှီးနှောဖလှယ်ပွဲက ဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် လိုအပ်သော စံချိန်များကို ချမှတ်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ လူကုန်ကူးမှု ပြဿနာသည် အရှေ့တောင်ဥရောပ ဒေသတစ်ခုတည်းသာမက ကမ္ဘာ့ပြဿနာဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောင်းရွှေ့နေထိုင်မှု မူဝါဒတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာဌာန(အိုင်စီအမ်ပီဒီ) ညွှန်ကြားရေးမှူးချုပ် ဇာချာက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းပြခန်းတစ်ခု၌ အရောင်းဝန်ထမ်းများ ပြသနေသော မိုဘိုင်းလ်တယ်လီဖုန်းများကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တစ်နှစ်လျှင် လူပေါင်း ၅၂၀၀၀ ခန့် မလေးရှားတွင် လေဖြတ်ခံနေရ

ကွာလာလမ်ပူ ဧပြီ ၂၆

မလေးရှားနိုင်ငံတွင် လေဖြတ်ခြင်းခံရသူ အရေအတွက်သည် တစ်နှစ်လျှင် စုစုပေါင်း လူ ၅၂၀၀၀ ခန့်ရှိနေရာ ၎င်းအရေအတွက်သည် တစ်နာရီလျှင် မလေးရှားနိုင်ငံသား ခြောက်ဦးလေဖြတ်ရောဂါ ခံစားနေရခြင်းဖြစ်ကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး ချာဆွိုင်လိခ်က ပြောကြားသည်။

အဆိုပါလေဖြတ်ခြင်း ခံရသူ အရေအတွက်ကြောင့် မလေးရှားနိုင်ငံတွင် ဖြစ်ပွားနေသော ကျန်းမာရေး ပြဿနာများအနက် ကာကွယ်မှုပေးရန် အကောင်းဆုံးရောဂါတစ်ခုလည်း ဖြစ်ကြောင်း မလေးရှားကျန်းမာရေး ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဖော်ပြ

လေဖြတ်ခံရသူများသည် သွေးတိုးခြင်း၊ ကိုလက်စထရောအနေအထား မြင့်မားခြင်း၊ ဆီးချိုရှိခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အဝလွန်မှုတို့ကြောင့် ဖြစ်ကြောင်း ၎င်းကပြောကြားသည်ဟု မလေးရှားနိုင်ငံထုတ်သည့်စတားသတင်းစာ၌ ဖော်ပြသည်။

ပိုမိုလုပ်ဆောင်

အဆိုပါ လူများအနေဖြင့် လူနေထိုင်မှု အမူအကျင့် ပြောင်းလဲခြင်း၊ လေ့ကျင့်ခန်း ပိုမိုလုပ်ဆောင်ခြင်းတို့ဖြင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော ၎င်းရောဂါဖြစ်ပွားမှုအား လျော့ကျစေမည်ဖြစ်ကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သေနတ်သမားတို့ ဘာကူဘာတွင် တိုက်ခိုက်

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဧပြီ ၂၄ရက်က အီရတ်စစ်ဝတ်စုံများဝတ်ဆင်ထားသူ သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်သည့်အတွက် ခြောက်ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိသွားသည်။ ထို့အပြင် လူနေအိမ်သုံး၊ လေးလုံးကို မီးရှို့ဖျက်ဆီးသည်ဟု ရဲတပ်ဖွဲ့က ကြေညာသည်။

ဘာကူဘာမြို့အနီး စစ်စခန်းကို အသေခံ ကားဗုံးခွဲတိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးကာ အရပ်သားတစ်ဦးအပါအဝင် လူ ၂၀ ဒဏ်ရာရရှိပြီး နောက်တစ်ရက်တွင် အထက်ပါအတိုင်း တိုက်ခိုက်မီးရှို့ခြင်း ဖြစ်သည်။

ဧပြီ ၂၃ ရက်က သီးခြားတိုက်ခိုက်မှုတွင် အသေခံကားဗုံးခွဲသူ တစ်ဦးက ဘာကူဘာမြို့၌ ရဲအရာရှိများ စုရုံးနေစဉ် တိုက်ခိုက်သဖြင့် ဘာကူဘာမြို့ရဲအကြီးအကဲ အပါအဝင် ရဲတပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးသွားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သဲဖြင့်တည်ဆောက်ထားသော ရဲတိုက်

သဲဖြင့် တည်ဆောက်ထားသော ကမ္ဘာ့အကြီးဆုံး ရဲတိုက်ပုံသဏ္ဌာန် အဆောက်အအုံ တစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ အဆောက်အအုံကို ဖင်လန်နိုင်ငံ ဖလာမောက်မြို့တွင် အိဒ်ဂျာရတ်အမည်ရှိ အမျိုးသားတစ်ဦးက သဲများဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး အမြင့်မှာ ၂၉ ပေ၊ သုံးလက်မရှိရာ သဲဖြင့်တည်ဆောက်ထားသော ရဲတိုက်အဆောက်အအုံများတွင် အကြီးဆုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး ချောကလက်

ကမ္ဘာ့အကြီးဆုံး ချောကလက်တစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ပြုလုပ်ထားသော ချောကလက်တစ်ခုမှာ အမြင့် ခြောက်ပေ၊ ကိုးလက်မရှိပြီး အလေးချိန်ပေါင် ၆၇၅၀ ရှိသဖြင့် ကမ္ဘာ့အကြီးဆုံး ချောကလက်တစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)



ကမ္ဘောဒီးယား၌ ကုန်ပစ္စည်း အရည်အသွေးဆိုင်ရာ ဥပဒေထုတ်ပြန်

ဖနောင်ပင် ဧပြီ ၂၆

ကမ္ဘောဒီးယားနိုင်ငံ၏ သွင်းကုန် ပို့ကုန်များ၏ အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရန်အတွက် ကုန်ပစ္စည်းများ၏ အရည်အသွေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်က ဧပြီ ၂၅ရက်က ထုတ်ပြန်လိုက်သည်။

ပြောကြား

အရည်အသွေးမြင့်မားသော ကုန်ပစ္စည်းများထုတ်လုပ်ရန် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ကုန်ထုတ်လုပ်သူများအား ဤဥပဒေက တွန်းအားပေးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စက်မှု၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးက ပြောကြားသည်။

ကူညီပေးမည်

အဆိုပါ ဥပဒေတွင် ကမ္ဘောဒီးယားနိုင်ငံ၏ အရည်အသွေးဆိုင်ရာ သိပ္ပံတစ်ခုကိုလည်း ထူထောင်သွားမည်ဖြစ်ပြီး ၎င်းသိပ္ပံက ကမ္ဘောဒီးယားနိုင်ငံ၏ သွင်းကုန်၊ ထုတ်ကုန်များ၏အရည်အသွေးကို စိစစ်နိုင်ရေးကူညီပေးမည်ဖြစ်သည်။

ကျခံပေးဆောင်ရမည်

ထို့အပြင် ထုတ်ကုန်၊ သွင်းကုန် ပစ္စည်းများ၏ အရည်အသွေးအပေါ် မသမာမှုပြုလုပ်သူများအား ထောင်ဒဏ် ခြောက်ရက်မှ တစ်လအထိကို ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁၂၅ဒေါ်လာမှ ဒေါ်လာ ၅၀၀အထိနှင့်အတူကျခံ ပေးဆောင်ရမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ။

ကမ္ဘာတစ်လွှား အားကစား

အင်တာနက် အားကစားသတင်း အတိုအထွာ

❖ ချယ်လ်ဆီးအသင်းသည် အခြား ဖလားနှစ်လုံးထက် ချန်ပီယံလိဂ် ဖလားကို အလိုချင်ဆုံးဖြစ်မည်ဟု ယုံကြည်ကြောင်း လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားလိုက်သည်။

❖ ဗြိတိန်နိုင်ငံ၌ ကျင်းပမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဆုကြေးငွေများမြှင့်တင်ပေးလိုက်ပြီဖြစ်ရာ ဗိုလ်လုပွဲ၌ ဗိုလ်စွဲမည့်သူသည် အမျိုးသားရော အမျိုးသမီးပါ ဆုကြေးငွေ ပေါင်ငွေ ၇၀၀၀၀၀ စီရရှိမည် ဖြစ်ကြောင်း သိရသည်။

❖ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကို လာမည့် ဇွန်၂၅ရက်မှ ဇူလိုင် ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

❖ ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ယခင်မာစတာဖလားပြိုင်ပွဲများထက် အကောင်းဆုံး ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်က ပြောကြားလိုက်သည်။

❖ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်ဖြစ်သည့် မန်ယူနှင့် ရိုးမားတို့ပွဲတွင် နှစ်ဖက်ပရိသတ်များအကြား ပဋိပက္ခများဖြစ်ပွားခဲ့သဖြင့် ယူအီးအက်ဖ်အေက ရိုးမားအသင်းအား ဒဏ်ငွေအဖြစ် ဆွစ်ဖရန့်ငွေ ၇၅၀၀၀နှင့် မန်ယူက ဒဏ်ငွေ ဖရန့်ငွေ ၃၅၀၀၀ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်လိုက်သည်။

(အင်တာနက်)

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ ယှဉ်ပြိုင် ချယ်လ်ဆီးက လီဗာပူးကို တစ်ဂိုးအသာဖြင့်နိုင်

လန်ဒန် ဧပြီ ၂၆

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲအဖြစ် ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ ဧပြီ၂၅ရက်က ချယ်လ်ဆီး၏စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အိမ်ကွင်း၌ နိုင်ပွဲရလိုစိတ် ပြင်းပြနေသော ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် ယခုပွဲ၌ ရှေ့တန်းတိုက်စစ်တွင် ဒရော့ဘာနှင့် ရှက်ဖ်ချင်ကိုတို့အား ထားရှိကစားစေခဲ့သလို ကွင်းလယ်၌ မက်ခီလီလီ၊ ဂျိုကိုးလ်၊ မီခေးလ်နှင့် လမ်းပတ်တို့ သုံးထားပြီး နောက်တန်းတွင် ဖာရေးရာ၊ ကာဗယ်ဟို၊ တယ်ရီနှင့်အက်ရှ်လေကိုးတို့ကို အထိုင်ထားကာဂိုးတွင်ပီတာချက်အားတာဝန်ယူစေခဲ့သည်။

အသုံးပြုခဲ့

ထို့အတူ လီဗာပူးနည်းပြ ဘင်နီတက်ဇ် ကလည်း ဘယ်လာမီနှင့် ဒက်ကွတ်တို့ တိုက်စစ်အတွဲကို သုံးပြီး ကွင်းလယ်၌ ဂျရတ်၊ ရီဆီ၊ အလွန်ဆို၊ မက်ချီရာနိုနှင့် ဇန်ဒန်းတို့ကိုထားရှိကာ ခံစစ်ကြောင်း၌ အာဘီလိုရာ၊ ကာရေဂါနှင့် အက်ဂါတို့အား ကစားစေပြီး ဂိုးသမားအဖြစ် ရေးနာအား အသုံးပြုခဲ့သည်။

ဂိုးရရှိ

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ အဖွင့်ဂိုးစောစီးစွာ သွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ လီဗာပူး တို့ကလည်း ချယ်လ်ဆီးတိုက်စစ်ကို ကြိုးစားဟန့်တားခဲ့သည်။ လီဗာပူးသည် ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်နိုင်ရန် ကြိုးစားသော်လည်း ချယ်လ်ဆီးတို့က အင်အားပြည့်ထိုးဖောက်ကစားခဲ့ရာ ပထမပိုင်းပွဲချိန် ၂၉မိနစ်၌ ဒရော့ဘာဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဂျိုကိုးလ်က သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

အစားထိုး

လီဗာပူးအသင်း ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပထမပိုင်းပွဲချိန်ပြီးသည်အထိ ချေပဂိုးမသွင်းယူနိုင်ခဲ့ချေ။ ထို့ကြောင့် ဒုတိယပိုင်းပွဲချိန် ၅၂မိနစ်၌ လီဗာပူးတိုက်စစ်မှူး ဘယ်လာမီအစား ပီတာခရော့ချ်ကို အစားထိုးကစားစေခဲ့သည်။

ကာကွယ်နိုင်ခဲ့

ထို့အတူ ၈၃မိနစ်တွင် အလွန်ဆိုအစား ပင်နန့်အား အစားထိုးကစားစေခဲ့သော်လည်း ရလဒ်မထူးခြားခဲ့ချေ။ ဂျရတ်၏ ကန်သွင်းချက်များကိုလည်း ချယ်လ်ဆီးဂိုးသမား ပီတာချက်က ကောင်းကောင်းကာကွယ်နိုင်ခဲ့သဖြင့် လီဗာပူးတို့ချေပဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

အနိုင်ရရှိ

ချယ်လ်ဆီးတို့ကလည်းနောက်ထပ်ဂိုးများ ထပ်မံသွင်းယူနိုင်ရေးအတွက် ပွဲချိန် ၇၆မိနစ်တွင် ရှက်ဖ်ချင်ကိုအစား ကာလူးကိုလည်းကောင်း၊ ၈၄မိနစ်တွင် ဂျိုကိုးလ်အစား ရိုက်ဖီးလစ်ကို လည်းကောင်း အစားထိုး ကစားစေခဲ့သော်လည်း တိုက်စစ်မှူးများဆန္ဒစောမှုနှင့် ကန်ချက်မမှန်မှုတို့ကြောင့် ဂိုးထပ်မံမသွင်းနိုင်ခဲ့ခြင်းဖြစ်ပြီး အိမ်ကွင်း၌ ချယ်လ်ဆီးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

သွားရောက်ကစားရမည်

ချယ်လ်ဆီးသည်ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် မေ၁ရက်၌လီဗာပူး၏ အန်ဖီးလ်ကွင်း၌ သွားရောက်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လီဗာပူး အလယ်တန်းမှ စတီဗင်ဂျရတ် (ယာ)နှင့် ချယ်လ်ဆီး နောက်တမ်းမှ အက်ရှ်လေကိုးလ်တို့ ဘောလုံးယှဉ်လုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖာဂူဆန်၏တိုက်စစ်ပျူဟာဖြင့် အေသင်ဗိုလ်လုပွဲသို့ တက်လှမ်းမည်လော

လန်ဒန် ဧပြီ ၂၆

မန်ယူနှင့် အေစီမီလန်တို့၏ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမ အကျော့ ယှဉ်ပြိုင်မှုများကို ဧပြီ၂၄ရက်က အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ဖြစ်သည်။

မန်ယူနည်းပြ ဖာဂူဆန်။ (ဓာတ်ပုံ-အင်တာနက်)

ယင်းပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်း၏ တန်ပြန်တိုက်စစ်ဆင်ပြီး အေစီမီလန်အသင်းကို အနိုင်ယူကစားပြနိုင်ခဲ့သည့်အတွက် ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပမည့်ဗိုလ်လုပွဲသို့ အရောက်သွားရန် ရွှေအခွင့်အလမ်း တစ်ရပ်ပင်ဖြစ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားလိုက်သည်။

အနိုင်ယူခဲ့

အဆိုပါ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် မန်ယူက အေစီမီလန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်ဆိုသော်လည်း မန်ယူတို့ အေစီမီလန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်နေရာမှ ပြန်လည်တိုက်စစ်ဆင် ကစားပြီး အနိုင်ယူခဲ့ခြင်း ဖြစ်သည်။

မိမိတို့အသင်းသည် ယခုပွဲတွင် တန်ပြန်တိုက်စစ်ကစားပြီး အနိုင်ရရှိခဲ့ခြင်းမှာ အသင်း၏အရည်အချင်းကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားလိုက်သည်။

တိုက်စစ်အားအရှိန်မြှင့်တင် ကစားနိုင်သည့် မိမိတို့အသင်းသည် အေစီမီလန်ကွင်း ဆန်စီရိုမှာလည်း တစ်ဖန် ဂိုးများသွင်းပြလိမ့်မည်လို့ ယုံကြည်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အိုးထရက်ဖို့ဒ်၌ ကစားခဲ့သော အဆိုပါပွဲစဉ်တွင် စီရိုနယ်ဒိုက မန်ယူအတွက် အဖွင့်ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော်လည်း ကာကာက အေစီမီလန်အတွက် နှစ်ဂိုးပြန်သွင်းယူခဲ့သည်။ မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနေချိန်တွင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာနှစ်ရပ်စလုံး ကြံ့ခိုင်တောင့်တင်းမှုရှိသော မန်ယူတို့ တိုက်စစ်အားအရှိန်မြှင့် ကစားခဲ့သည်။

ကစားကွက်ပျော့လာ

မန်ယူ၏ တိုက်စစ်တရစပ်ထိုးဖောက်ကစားလာရာ အကွက်ဖြင့်ကစားခဲ့တတ်သော အေစီမီလန်တို့ ကစားကွက်ပျော့လာပြီး မန်ယူ၏ ထိုးဖောက်ဂိုးသွင်းမှုကို ခံခဲ့ရခြင်းဖြစ်သည်။

သဘောပေါက်

မန်ယူတို့အေစီမီလန်ကိုအရှုံး အနေအထားမှ ပြန်လည်တိုက်စစ်ဆင်ပြီး အနိုင်ကစားပြနိုင်သည့် အခြေအနေကို မန်ယူနည်းပြ ဖာဂူဆန်သဘောပေါက်ထားပြီးဖြစ်သည်။မန်ယူနှင့်အေစီတို့သည်ဒုတိယအကျော့ပွဲအဖြစ်မေ၂ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ပထမကျော့ပွဲစဉ်တွင် ကြုံတွေ့ခဲ့ရသော အားနည်းချက်၊ အားသာချက်များကိုပြန်လည်သုံးသပ်နိုင်လျှင် မန်ယူတို့ ဆန်စီရိုကွင်းမှာ ပြုံးပန်းဆင်နိုင်လိမ့်မည်ဖြစ်သည်။

ထိုနေ့က မန်ချက်စတာယူနိုက်တက်အသင်းသည် ပွဲစသည်နှင့် တိုက်စစ်ဖွင့်နိုင်ခဲ့သည့်အတွက် စောစီးစွာ အေစီကို ဂိုးသွင်းယူနိုင်ခဲ့သည်။

ထိန်းချုပ်ကစားနိုင်

သို့သော်လည်း ပထမပိုင်းအလယ်လောက်တွင်မန်ယူကိုအေစီကအကွက်ဖြင့်ထိန်းချုပ်ကစားနိုင်ခဲ့သည်။အကွက်သမားအေစီက အကွက်ဖြင့် ထိန်းချုပ်နိုင်ခဲ့သည့်အတွက် အရှိန်နှင့် ကစားခဲ့သော မန်ယူတို့ အားပျော့သွားရသည်။ ထိုအချိန်တွင် အကွက်သမားအေစီတို့ အကွက်ဝင်ပြီး ဂိုးများသွင်းယူနိုင်ခဲ့သည်။

ဗိုလ်လုပွဲကစားနိုင်မည်

သို့သော်လည်း ဝါရင့်နည်းဗျူဟာကျွမ်းကျင်သော နည်းပြဖာဂူဆန်သည် ဒုတိယပိုင်းတွင် အရှိန်ကိုမြှင့်တင်ကစားနိုင်ခဲ့၍ ရှုံးနေနှစ်ဂိုးပြန်သွင်းနိုင်ခဲ့ပြီး အောင်ပွဲဆင်နိုင်ခဲ့သည်။ ယင်းအချက်ကို ဒုတိယအကျော့ကစားမည့် ဆန်စီရိုကွင်းတွင် အသုံးချနိုင်ခဲ့လျှင် ဖာဂူဆန်မျှော်လင့်ထားသလို အေသင်ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်လိမ့်မည်ဖြစ်သည်။ ။

(ကိုးကား-အင်တာနက်)

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲအပြီး ချယ်လ်ဆီးနှင့် လီဗာပူးနည်းပြများ၏ ပြောစကားများ

လန်ဒန် ဧပြီ ၂၆

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည့်ပွဲတွင် ချယ်လ်ဆီးတို့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။

(ဓာတ်ပုံ-အင်တာနက်)

အဆိုပါ ပွဲအပြီး ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက **"ကျွန်တော်တို့ တစ်ပွဲတစ်ဂိုးသာပုံမှန်သွင်းနိုင်ခဲ့ရင်ပဲ ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်ဖို့ အခွင့်အရေး အများကြီးရှိသွားပါပြီ။ ဒီပွဲမှာ ပထမပိုင်း ဂျိုကိုးလ်ရဲ့ သွင်းဂိုးကို သူတို့ပြန်ချေပမယ်လို့ ထင်ခဲ့သေးတယ်။ ဒါပေမယ့် သူတို့ပြန်မချေနိုင်ခဲ့ဘူး။ လီဗာပူးဟာခံစစ်အားကောင်းတဲ့ အသင်းဖြစ်ပါတယ်"**ဟု ပြောကြားသည်။

ဘာကြောင့်မပေးတာလဲ

ထို့အပြင် **"ဒီပွဲမှာ ကျွန်တော်တို့ ဂိုးသွင်းခွင့် ခြောက်ကြိမ်လောက်ရရှိခဲ့ပေမယ့် ကျွန်တော့်လူတွေအသုံးမချနိုင်ခဲ့ကြဘူး၊ ဒုတိယပိုင်းမှာ လီဗာပူးတို့ ကစားတာကောင်းပါတယ်။ ဂျရတ်ရဲ့ ကန်ချက်က အဆင့်မြင့်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရသင့်တဲ့ ပယ်နယ်တီတစ်လုံးကို ဒိုင်လူကြီးက ဘာကြောင့် မပေးတာလဲဆိုတာ မစဉ်းစားတတ်ဘူး"**ဟု မော်ရင်ဟိုက ဆက်လက် ပြောကြားသည်။

လိုအပ်ပါပြီ

ထို့အတူ လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကလည်း **"ကျွန်တော်တို့ အိမ်ကွင်းမှာ ချယ်လ်ဆီးကို တစ်ဂိုးထက်ပိုပြီးသွင်းယူဖို့ လိုအပ်ပါပြီ။ အခုကစားခဲ့တဲ့ပွဲမှာ ပထမပိုင်း ကျွန်တော့်လူတွေ စိတ်တိုင်းကျ မကစားနိုင်ခဲ့ဘူး။ ဒုတိယပိုင်း ကစားတာကောင်းပေမယ့် အဆုံးသတ်မသေချာခဲ့လို့ ဒီရလဒ်ဖြစ်ရတာပါ။ အိမ်ကွင်းမှာ ကျွန်တော်တို့ ဒီထက်အားထည့်ကစားရမှာပါ"**ဟု ပြောကြား သွားသည်။

(အင်တာနက်)

လီဗာပူးနည်းပြ ဘင်နီတက်ဇ်။

(ဓာတ်ပုံ-အင်တာနက်)

တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား'
ယုံမှားပယ်တတ်၊ ပြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရီး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန်စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသိ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
သာသနာ့ဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇန ဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊ တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။	၁၃၆၉ ခု ကဆုန်လဆန်း ၁၂ ရက် သောကြာနေ့ (၂၇-၄-၂၀၀၇)
(ကျောက်တစ်လုံးတောရ ဆရာတော်) ဝနဝါသီ အရှင်ဝါသေဋ္ဌာ ဘိဝံသ	၁၃၆၉ ခု ကဆုန်လဆန်း ၁၃ ရက် စနေနေ့ (၂၈-၄-၂၀၀၇)

အထူးတရားပွဲ အစီအစဉ်

ကျင်းပမည့်နေ့ရက်	ကျင်းပမည့်နေရာ	ကျင်းပမည့်အချိန်
၁၃၆၉ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ ၂၀၀၇ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ	မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။	ညစဉ် ၇း၀၀ နာရီ

The Live News ဂျာနယ် အမှတ်(၃၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၆

ရွှေပြည်စိုး စာပေတိုက်မှအပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၃၂)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံတွင် ဇနီးမောင်နှံ ၂၂တွဲအား ဖန်ပြွန်သန္ဓေသားနည်းပညာဖြင့် ဆောင်ရွက်ပေးရာ သုံးဦးအောင်မြင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူများအချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် သက်ဆိုင်ရာရုံးများ၌ လျှောက်ထားနိုင်၊ ဆင်ဆိုးအန္တရာယ် မန်ကျည်းပင်ကကယ်၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအတွက် E-Payment System၊ ၂၀၀၇ခုနှစ် ဧပြီ၂၈ရက်မှ မေ၄ရက်အတွင်းမွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ နှောင်းကဆုန်လပြည့်ကျော်၊ စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊ ကမ္ဘာပတ်ပြီး သင်္ကြန်ပွဲနွှဲတဲ့ မေခလာ၊ တက္ကစီမင်းနှင့်တစ္ဆေမလေး၊ ဗာဂျီးနီးယားစက်မှု တက္ကသိုလ်မှ လူသတ်ပွဲ၊ အုတ်တံတိုင်း အခတ်ခံရသည့် ဘဂ္ဂဒက်မှ ဆွန်နီရပ်ကွက်၊ နာဆာအာကာသ လေ့လာရေးဌာနအတွင်း လူသတ်မှုဖြစ်ပွား၊ အသက်ရှင်နေပါလျက် နာရေး ကြော်ငြာပေါ်ထွက်လာသည့်လုပ်ငန်းရှင်တစ်ဦး၊ အာရှတိုက်နှင့် မြောက်အမေရိကတိုက် အစွန်းနှစ်ဖက်ကို ရုရှားနိုင်ငံက ဥမင်လိုဏ်ခေါင်းဖောက်မည်၊ ဇာတ်လမ်းရောင်းစားတဲ့ဗွီဒီယိုရေတပ်သားများကိစ္စနှင့် နောက်ဆက်တွဲဂယက်များ၊ တပည့်နောက်က မထမ်းချင်တော့သည့် အီရတ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား အနုပညာကဏ္ဍများကို ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကြံခင်းကျောင်းတိုက် ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ သုံးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်မည်ဖြစ်ရာ အလှူရှင်များဖြစ်ကြသော လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက်၊ ၂၇၂/ဈ၊ အေးရိပ်မွန် ၇ လမ်းနေ ဦးသက်နိုင်၊ ဒေါ်မော်မော်ခိုင် မိသားစုတို့က နှစ်ဖက်သောမိဘများအား အမှူးထား၍ ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ ထံမှောက်၌ အလှူငွေ ကျပ်ကိုးသိန်းကို အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအောင်စိုးလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း အင်တာနက် ဟောင်ပိတ်သတင်း

တူရကီ၌ ခြောက်ထပ်တိုက်ပြိုကျ

အစ္စတန်ဘူလ် ဧပြီ ၂၆

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဧပြီ၂၆ရက်က ခြောက်ထပ်တိုက် အဆောက်အအုံတစ်ခုပြိုကျရာ လူပေါင်းမြောက်မြားစွာပိတ်မိနေကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းအဆောက်အအုံပြိုကျမှုကြောင့် အသက်ရှင်ကျန်နေသူများကို ကယ်ဆယ်ရေးအဖွဲ့က အပျက်စီးများကြားမှ ရှာဖွေနေကြောင်း၊ ထိခိုက်သေဆုံးမှုများမှာ ချက်ချင်းမသိရသေးကြောင်း တူရကီရုပ်မြင်သံကြားက ထုတ်လွှင့်သွားသည်။ **(အင်တာနက်)**

မက္ကဆီကို၌ လေဆင်နှာမောင်းတိုက်ခတ်

ဆန်အင်တိုနီရို ဧပြီ ၂၆

မက္ကဆီကိုနိုင်ငံ နယ်စပ်တွင် ဧပြီ ၂၅ ရက်က လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူ၁၀ဦးသေဆုံးပြီး ၈၀ကျော်ဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကိုနိုင်ငံ အရာရှိများက ဧပြီ၂၅ရက်၌ ပြောကြားသည်။

ယခုတိုက်ခတ်သည့် လေဆင်နှာမောင်းမှာ တက်ဆက်ပြည်နယ် အီဂယ်ပတ်မြို့နှင့် မက္ကဆီကိုနိုင်ငံနယ်စပ်မြို့ဖြစ်သည့် ပိုင်ဒရက်စ်နေ ဂရက်စ်မြို့များသို့ ဖြတ်သန်းတိုက်ခတ်သွားရာ လူ ၁၀ဦးသေဆုံးခဲ့ခြင်းဖြစ်သည်။
(အင်တာနက်)

ဘဂ္ဂဒက်မြောက်ဘက်၌ ကားဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဧပြီ ၂၆

ဘဂ္ဂဒက်မြို့မြောက်ဘက် စစ်ဆေးရေးဂိတ်၌ ဧပြီ၂၆ရက်က အသေခံကားဗုံးခွဲ တိုက်ခိုက်ရာ အနည်းဆုံး အီရတ်စစ်သားကိုးဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ဒီယာလာပြည်နယ် ခါလစ်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် အခြားအရပ်သား ၁၅ဦးလည်း ဒဏ်ရာရရှိသွားကြောင်း သိရသည်။ **(အင်တာနက်)**

သွေးတိုးရှိကြောင်းမသိသူများ လေဖြတ်ခံရနိုင်

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

လန်ဒန် ဧပြီ ၂၆

လူလေးဦးလျှင် တစ်ဦးမှာလေဖြတ်ခြင်းဝေဒနာခံစားရနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏အနေဖြင့် သွေးပေါင်ချိန်မြင့်မားနေမှုကို မသိရှိကြ၍ ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

<u>သုတေသနပြု</u>

သွေးတိုးရှိသူ ၁၉၃၁၈ ဦးကို ဆန်းစစ် သုတေသနပြုကြည့်သော အခါ ၂၄ရာခိုင်နှုန်းသည် ၎င်းတို့တွင် သွေးတိုးရောဂါရှိကြောင်း မသိသူများဖြစ်နေကြသည်ဟု ၎င်းတို့က ပြောကြားသည်။

<u>စမ်းသပ်ကြည့်သင့်</u>

လူတို့အနေဖြင့် သွေးပေါင်ချိန်ကို မကြာခဏ တိုင်းတာစမ်းသပ်ကြည့်သင့်ကြောင်း၊ သွေးတိုးရောဂါရှိမရှိကို ကြိုတင်သိရှိနိုင်ရန်အတွက် ဖြစ်ကြောင်း သုတေသနပညာရှင်များက တိုက်တွန်းထားသည်။

ဆေးလိပ်သောက်ခြင်း၊ အငန်စားခြင်းနှင့် အဝလွန်ခြင်းများကို လျှော့ချသင့်ပြီး သွေးပေါင်ချိန် လျော့နည်းအောင် နေထိုင်စားသောက်သင့်ကြောင်း၊ ထို့အပြင် ကိုယ်အလေးချိန်ကို ဂရုစိုက်ပြီး လေ့ကျင့်ခန်းများ ပြုလုပ်သင့်ကြောင်း ဗြိတိန်သုတေသနပညာရှင် ဂျိုကော်နာက ပြောကြားသည်။ (အင်တာနက်)

စင်ကာပူကျောင်းတိုက်၌ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက်၊ စင်ကာပူကျောင်းတိုက်၏ဦးစီးပဓာန နာယက နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ၏ သြဝါဒဖြင့် စင်ကာပူကျောင်းတိုက် မင်္ဂလာကန်တော်နှင့်ကပ်လျက် တည်ထားကိုးကွယ်သောမြတ်စွာဘုရားရုပ်ပွားတော်များနှင့် မဟာဗောဓိညောင်ပင်အား ဧပြီ ၃၀ရက် ညနေ ၄နာရီမှ စတင်၍ ညောင်တန်းအိမ်ရာမိသားစုများ၏ ပဥ္စမအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကုသိုလ်ပါဝင်ယူနိုင်ကြောင်းနှင့် ညောင်ရေသွန်းပွဲလာရောက်သူများအား အလှူရှင် ဦးအုန်းမြင့်-ဒေါ်ငွေး (တိုကျိုကြီးမိသားစု)က စတုဒိသာ ကျွေးမွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ပြည်လမ်း၊ရန်ကုန်မြို့

အသိပေးကြေညာချက်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှခေါ်ယူထားသော ရုပ်သံကျွမ်းကျင်(၂)(သတင်းကြေညာသူ)ရာထူးအတွက် အရုပ်အသံစစ်ဆေးချက်ကို အောက်ဖော်ပြပါခုံအမှတ်များသည် အောင်မြင်သဖြင့် လူတွေ့ စစ်ဆေးခံနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ (၇-၅-၂၀၀၇) (တနင်္လာနေ့) နံနက်(၀၉း၀၀) နာရီအရောက် မပျက်မကွက် လာရောက်သတင်းပို့ရန် အသိ ပေးကြေညာအပ်ပါသည်။

ခုံအမှတ်များ

၂၊ ၁၂၊ ၂၅၊ ၄၈၊ ၄၉၊ ၅၀၊ ၅၇၊၇၂၊ ၉၉၊ ၁၀၉၊ ၁၂၀၊ ၁၃၂၊ ၁၄၅၊ ၁၅၁၊ ၁၅၉၊ ၁၆၄၊ ၁၈၄၊ ၁၉၄၊ ၂၃၈၊ ၃၅၃၊ ၃၉၆၊ ၄၇၇၊ ၄၈၀၊ ၄၈၁၊ ၅၃၈၊ ၅၆၀၊ ၅၇၂၊ ၅၇၅၊ ၅၉၃၊ ၆၀၈၊ ၆၁၂၊ ၆၄၈၊ ၆၆၃၊ ၆၇၆၊ ၆၈၉၊ ၇၃၆၊ ၇၆၂၊ ၇၉၃၊ ၈၁၇၊ ၈၅၇၊ ၉၀၈၊ ၉၃၀၊ ၉၅၃၊ ၉၈၆၊

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ တောင်ငူမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ဦးမှန်းလမ်း၊ သန္တာဂေဟာနေ(ဦးထွန်းကြည်)-ဒေါ်မြမြတို့၏သားကြီး

မောင်ဝင်းနိုင်ထွန်း (AGTI-MECH)

Dynacast Sdn-Bhd(Singapore Branch) Malaysia

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်၊ စပယ်လမ်းနေ ဦးဘဘ(ညွှန်ကြားရေးမှူး၊ပညာ၊ငြိမ်း၊အမှတ်-၁၊အခြေခံပညာဦးစီးဌာန)-ဒေါ်အေးအေးမော်(အထပြ၊ငြိမ်း၊အထက-၃၊ပဲခူး)တို့၏သမီး

မပိုပိုအေးမော် (B.A၊ မြန်မာစာ)

တို့သည် နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးများရှေ့မှောက်၌ ၂၁-၄-၂၀၀၇ရက် (၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၆ ရက်) စနေနေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဝင်းနိုင်ထွန်း-မပိုပိုအေးမော်။

မေ(၂၇)ရက် ညနေ(၅း၀၀)နာရီမှ မေ(၁)ရက် ညနေ(၆း၀၀)နာရီအထိ (၄)ညအိပ်၊ (၅)ရက်ခရီး

ပေလီခရီးစဉ် ၄၈၀၀၀ိ/-

☎ : 505829 ☎ : 095021498

ယမုံနာ (BGH) ခရီးသွားလုပ်ငန်း အမှတ် (၉)၊ အင်ပူလမ်း၊စမ်းချောင်း။

စီးပွားဖြစ်အချိုရည်၊ဖျော်ရည်အဆီ၊ဂျယ်လီထုတ်လုပ်သင်တန်း

ရေခဲမုန့်၊မစ်ရှိတ်၊အအေးစုံနှင့်ကိတ်၊မုန့်ဖုတ်သင်တန်း

သင်တန်းရက် (1)(3-5-07)မှ(8-5-07)၊သင်တန်းရက်(2)(5-5-07)မှ(10-5-07)

EAC (မြေနီကုန်း) ပဒေသာလမ်းနှင့်မွှောရုံလမ်းထောင့်(ခနော်ခနော် စောရီထမင်းဆိုင်အနီး) မြေနီကုန်းမှတ်တိုင်၊ရန်ကုန်။ ဖုန်း - 09-5134497

အမည်ပြောင်း

အထက(၁) တောင်ကုတ်၊ ရခိုင်ပြည်နယ် သတ္တမတန်း(င)မှ ဦးဝင်းသိန်း ၁၁/တကန(နိုင်)၀၀၂၉၃၀ ၏သား မောင်သိန်း ဇင်အား မောင်ဆန်းလင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဆန်းလင်းထက်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ခ/၆၂၅၀ Hin Thar Track ယာဉ် လက်ဝယ်ရှိသူအမည် ဦးလှိုင်စိုး မှတ်ပုံတင်အမှတ် ၁၄/ဟသတ (နိုင်) ၀၅၃၈၄၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံးခွဲ၊(ရွာသာကြီးရုံး) ရန်ကုန်မြို့။

အများသိစေရန်

ကျွန်ုပ်အမှုသည်ဖြစ်သူ မောင်ကျော်ကျော်ထွန်း ၉/မကန(နိုင်)၀၁၇၉၆၄ နှင့် မမြင့်မြင့်သန်း(ခ)မမိငယ် ၉/မကန(နိုင်)၀၇၇၀၁၉တို့သည်၂၉-၁၀-၂၀၀၀ ရက်မှစ၍ အကြင်လင်မယားအဖြစ် အတူပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ယခုအခါဇနီးဖြစ်သူ မမြင့်မြင့်သန်း(ခ)မမိငယ်သည် မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှပြတ်စဲကြောင်းနှင့်နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို ကျွန်ုပ်အမှုသည်တွင် တာဝန်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

U THAN AUNG B.Sc. B.L
Notary Public & Chief Court Advocate
Res; 82 Mingala Street; Off: 56-Bar Street Sanchaung T/S Yangon.
Kyauktada T/S, Yangon.
Ph-510628, 389949.

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သမီးဖြစ်သူ မဇင်မာမာသွယ် ၁၂/ ရပသ (နိုင်)၀၄၀၉၄၁ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲမှုဖြစ်စေရန်ပြု လုပ်ပါသဖြင့်သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက် နောင်တွင် ၎င်းနှင့် ပတ်သက်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးဇင်အောင်သိန်း
၁၂/အစန(နိုင်) ၀၀၉၉၅၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများဖွင့်လှစ်ရန် ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များတွင် (၂၀၀၇-၂၀၀၈) ပညာသင်နှစ် မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများကို (၇-၅-၂၀၀၇) တနင်္လာနေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သက်ဆိုင်ရာ တက်ခွင့်ရ တက္ကသိုလ်များအလိုက် (၂-၅-၂၀၀၇)ရက်မှ စတင်ပြီး ကျောင်းဝင်ခွင့် လျှောက်ထားရန်ဖြစ်ပါသည်။ (၂၁-၅-၂၀၀၇) ရက် နောက်ဆုံးထားလျှောက်ထားရန်ဖြစ်ပြီး အဆိုပါရက်ထက် ကျော်လွန်ပါက လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၂။ အသေးစိတ်သိလိုပါက စက်မှုနှင့်သက်မွေးပညာဦးစီးဌာန (ရုံးချုပ်) နေပြည်တော် (ဖုန်း-၀၆၇-၄၀၄၀၁၉၊ ၀၆၇-၄၀၄၀၂၀)နှင့် သက်ဆိုင်ရာ တက္ကသိုလ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေါက်တာခင်မောင်အေး
ညွှန်ကြားရေးမှူးချုပ်။

မာတုပေဒ မေ၊ငွန် တန်းခွဲများ

ကျောင်း၊အပ်လက်ခံပြီ၊ ကြိုတင်အပ်နှံမှုသာ နေရာအတွက် စိတ်ချရတယ်။

■ ၁၅၄ (အပေါ်ဆုံးထပ်)၊ ဆိပ်ကမ်းသာလမ်း၊ကျောက်တံတား၊ ရန်ကုန်။ ဖုန်း ၃၉၁၁၇၆၊ ၂၅၀၂၄၅၊

ဂုဏ်ထူးရှင်တို့ရဲ့နေရာအမှန်

ပလက်တီနမ် မေလ (နောက်ဆုံး တန်းခွဲသစ်) မေလဆန်း စမယ်

ကြိုတင်အပ်နှံမှုသာ နေရာအတွက် စိတ်ချရတယ်

■ အမှတ် ၃၀၊ အင်္ဂုလိသိရိလမ်း၊ ကျောက်မြောင်း၊ တာမွေ။ ဖုန်း ၀၁ ၅၄၀၄၆၄
အမှတ် ၈၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ တာမွေ။ ဖုန်း ၀၁ ၅၄၀၄၆၄

ကျေးဇူးဆပ်ပါမည်

ကျွန်မ မစိုးစိုးသန့်၏ နိုင်ငံကူးလက်မှတ် စာအုပ်အမှတ်-၆၇၈၇၇၂ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၆၃၆၄၁၂။**

အများသိစေရန်

ကျွန်တော် ဦးဝင်းနိုင် (အဖ)ဦးမောင်လု မှတ်ပုံတင်အမှတ် ၁၂/သကတ(နိုင်)၀၄၁၃၂၅ နှင့် ဒေါ်ခင်ထွေးမော် (အဖ)ဦးအောင်မြင့်တို့သည် ၃၀-၁-၂၀၀၄ ရက်တွင် ပုဇွန်တောင်မြို့နယ်တရားရုံး၌ တရားဝင်ကွာရှင်းထားပြီးဖြစ်သဖြင့် နောက်နောင် အကြောင်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးပါက ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးဝင်းနိုင် ၁၂/သကတ(နိုင်)၀၄၁၃၂၅။

Since 1986 KMD Computer Centre

Basic Software Engineering

:: Computer Programming ကိုအခြေခံမှစတင်လေ့လာလိုသူများ Duration (60) Hours
:: Program များကို အချိန်တိုအတွင်း မိမိကိုယ်တိုင် ရေးသားလိုသူများ
:: Programmer အဖြစ်အသက်မွေးဝမ်းကျောင်းလိုသူများအတွက် ရည်ရွယ်သော သင်တန်း

(ရုံးချုပ်)	ဖုန်း - ၂၄၉၁၅၅/၃၈၁၇၇၆/၃၈၁၁၂၉
(ဆိပ်ကမ်းသာ)	ဖုန်း - ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၁၈၅၅
(မြေနီကုန်း)	ဖုန်း - ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၃
(သိမ်ကြီးဈေး)	ဖုန်း - ၃၈၄၂၆၈၃၈၄၆၄၁
(လှည်းတန်း)	ဖုန်း - ၅၂၄၄၀၀/၅၀၅၃၉၉
(တာမွေ)	ဖုန်း - ၅၄၁၃၂၈

သင်တန်းအပ်လက်ခံနေပါပြီ

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ

ဦးသာရင် သွက်ချာပါဒလေငန်းဆေးပြား

လေဖြတ်၊လေငန်းရောဂါကိုကုသခြင်း၊ ကြိုတင်ကာကွယ်ခြင်း နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

ဦးသာရင်ဆေးတိုက် အမှတ်(၁၃၀ /၆)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၄၈၈၇၄၊

၀၅၀၇ YR၀၁၅၂၀
၁၀/၂၀၀၅ တဆေးလ/ထိုး(၁၀၉)

Certificate TH06/0850.0QM

တရားဝင်ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ မလွင်မာမြင့် (ခ) မငယ် ၁၄/ဟသတ(နိုင်)၁၉၅၆၅၃သည် ကျွန်တော်၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိသားစုဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ပြီး ၅-၁-၂၀၀၇ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

(၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။)

ကိုမြတ်ကျော်ခိုင်
၁၄/ဟသတ(နိုင်)၀၁၁၃၅၂။

ဆက္ကာ SUCCESS LANGUAGE ACADEMY

B.A, M.A, Dip in E.L.T. ဘွဲ့ရအတွေ့အကြုံရှင် ဆရာဆရာမများ၏ (ကျောင်းသား/ကျောင်းသူများ၊ အလုပ်ကောင်း ရလိုသူများ၊ ဝန်ထမ်းများ နှင့် နိုင်ငံခြားသွားမည့် သူများ အားလုံးအတွက်)

ENGLISH SPEAKING		Pre-Intermediate 4-Skill English	
7 May	⇨ 7:30 - 9:00 a.m.	28 Apr	⇨ 2:00- 5:00 p.m.
14 May	⇨ 3:30 - 5:00 p.m.	2 May	⇨ 7:30- 9:00 a.m.
19 May	⇨ 2:00 - 5:00 p.m.	21 May	⇨ 1:00- 2:30 p.m.
21 May	⇨ 10 - 11:30 a.m.		

Grammar 28 Apr ⇨ 10:00-12:00 a.m.
Writing 28 Apr ⇨ 10:00-12:00 a.m. / 2 May ⇨ 7:30-9:00 a.m.
Intermediate Academic English 28 Apr ⇨ 2:00 - 5:00 p.m.

July, Aug Exam ဝင်လိုသူများအတွက် IELTS သင်တန်း၊ 2 May ⇨ 1 - 3 p.m. (Mon to Fri)

Academic Writing (IELTS) 4 Jun ⇨ 10:00-11:30 a.m.

Y.W.C.A အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း။ ဖုန်း- 202046, 200601

အမည်ပြောင်း

အဖ ဦးခင်မောင်ချို၏သား မောင်ပြည့်ဖြိုးမော် တက္ကသိုလ်ဝင်တန်း (A) အထက(၁) မင်္ဂလာဒုံအား မောင်ပြည့်မိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ပြည့်မိုးအောင်။**

Golden Star ချောင်းသာ မနေ့စဉ် ငွေဆောင် April 28
Ph:544383, 09-5133640
အမှတ် - ၂၄၊ ၁၅၃ လမ်း၊ တာမွေ

မြန်မာနိုင်ငံဆရာဝန်အသင်းသင်တန်းပို့ချမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာ သင်ကြားရေးယူနစ်(CME)မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Emergency Management for GPs(2007)သင်တန်းကို မေ၂ရက်မှ မေ၁၅ရက်အထိ(စနေ/တနင်္ဂနွေ)နေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်ပါ၍ တက်ရောက်လိုသော ဆရာဝန်များသည် မေ ၇ရက်မှ မေ ၁၁ရက်အထိ ရုံးချိန်အတွင်း စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းနေ ဒေါ်မေညွန့်၏ (၅၂) နှစ်မြောက် မွေးနေ့မင်္ဂလာအဖြစ် မဟာသန္တိသုခကျောင်းတော်ကြီး ထာဝရ ဆွမ်းပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်း၊ အသစ်ဆောက်လုပ်မည့် ဝိသာခါနှစ်ထပ်ကျောင်းဆောင်အတွက် ငွေကျပ်သုံးသိန်း စုစုပေါင်း ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆရာတော်ဘဒ္ဒန္တ ဇနိတ မထေရ်မြတ်က ရေစက်သွန်းချပေးပြီး ဂေါပကဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

အင်အားအနည်းငယ်မြေငလျင်လှုပ်

နေပြည်တော် ဧပြီ ၂၆

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၅၄ မိနစ် ၁၀ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် ၁၀၃မိုင်ခန့်ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ၂အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာ ရရှိသည်။

(သတင်းစဉ်)

ဝိပဿနာ တရားပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့် အညီ ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် သမထဝိပဿနာ တရားတော်များကို ဒလအုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိက ဓဇ ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က မေ ၁ရက်မှ ၇ရက်အထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း၊ ၈ ရက်မှ ၁၄ရက်အထိ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ညနေ ၅နာရီမှ ၆နာရီခွဲအထိ လည်းကောင်း၊ ၉ရက်မှ ၁၅ရက် အထိ ကမာရွတ်မြို့နယ် (၇)ရပ်ကွက် ဗဟိုလမ်း မဟာစိတ္တာရာရုံ ကံ့ကော်ပင် နှစ်ထပ် ကျောင်းဆောင်သစ်ကြီးတွင် လည်းကောင်း ည ၇နာရီမှ ၈နာရီခွဲအထိ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပါကြောင်း သိရသည်။

(က-ပ)

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ စူပါဝမ်းတာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်း အာယုဒါန အတွက် ဗိုလ်ချုပ်ဈေး ဗဟိုရုံ ညွန့်ညွန့် ဇာဘော်လီ မိသားစုက ဒေါ်ညွန့်ညွန့်၏ မွေးနေ့ဒါနအဖြစ် အလှူငွေ ကျပ်ငါးသိန်း လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

တောင်ကြီးမြို့နယ် နန်းသီတာကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၂၆

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ နန်းသီတာကျေးရွာ၌ ဧပြီ၂၅ရက် ညနေ၄နာရီက မီးလောင်မှုဖြစ်ပွားရာ တဲအိမ်၄၇လုံး မီးလောင်ဆုံးရှုံးပြီး လူ ၂၆၁ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့် စခန်းကြီးဘုန်းကြီးကျောင်းတိုက်နှင့် နန်းသီတာအမကကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုတဘဏ်စာကြည့်တိုက် အဆောက်အအုံလွှဲပြောင်း သုတ၊ ရသစာအုပ်နှင့် ငွေပဒေသာပင် မိတ္ထီလာ၌ ပေးအပ်လှူဒါန်း

မိတ္ထီလာ ဧပြီ ၂

မန္တလေးတိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ခင်ကြီးကျေးရွာတွင် ဖွင့်လှစ်ထားရှိသည့် သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိတို့က သုတဘဏ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးကျော်နိုင်က စာကြည့်တိုက် အဆောက်အအုံ ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ခရိုင်ဦးစီးအရာရှိက သုတ၊ ရသစာအုပ် ၁၀၀ ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌကလက်ခံယူသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ဆန်းပရိဘောဂပိုင်ရှင် ဦးမောင်သန်းက စာကြည့်တိုက် အသင်းဝင်ကတ်ပြား ၁၀၀နှင့် ငွေပဒေသာပင် ကျပ် ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးသန်းဌေးကလက်ခံယူပြီး စာကြည့်တိုက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌက မြို့နယ်ဒုတိယဦးစီးမှူး ဦးဝင်းမောင်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မန္တလေး ဒေသရှိ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယ နိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် ခပေါင်းလမ်းအိမ်ရာ တိုက်၅ အခန်း ၁၀၂ နေ ဒေါ်တင်တင်မြင့် မိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကေသက်မော်က လက်ခံယူပြီး ကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဆရာတော် ဦးရာဇိန္ဒက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန အဆောက်အအုံ ရုံးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်

မန္တလေး ဧပြီ ၆

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး မီးသတ်အဆောက်အအုံဆေးသုတ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းကို မတ် ၂၀ ရက် နံနက်က ၂၉လမ်း တိုင်းမီးသတ်ဦးစီးဌာနတွင် ကျင်းပရာတိုင်းဦးစီးမှူး ရဲကျော်စွာဝင်းမြင့်က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

အဆိုပါ အဆောက်အအုံ ဆေးသုတ်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းကို ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကျော်နှင့် မြို့နယ်ဦးစီးမှူးများ၊ သန္ဓေတပ်ဖွဲ့ဝင်များသည် ဟောင်းနွမ်းပျက်ပြယ်နေသော တိုင်းရုံးမျက်နှာစာရှိ ဆေးရောင်များ ချွတ်ခြင်း၊ ရေဖြင့်ဆေးကြောခြင်း၊ ဆေးအသစ် ထပ်မံသုတ်ခြင်း၊ စခန်းအတွင်းအပြင် အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ရုံးမှန်ပြတင်းပေါက်များ ရေဖြင့်ဆေးကြောခြင်းများကို တပျော်တပါးဆောင်ရွက်ကြရာ တိုင်းဦးစီးမှူးက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။**(၁၆၂)**

မကွေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ တီဘီရောဂါတိုက်ဖျက်ရေး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို မတ် ၁၀ ရက်က မကွေးမြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်စမ်းစမ်းမြင့်နှင့် ခရိုင်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘောက်နန်တို့ ကြည့်ရှု အားပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ထီးချိုင့် ညောင်ပင်သာကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ ရုံးဖွင့် အဘိုး၊ အဘွားများအား ကျန်းမာရေးစစ်ဆေးစမ်းသပ်

ထီးချိုင့် ဧပြီ ၅

ကသာခရိုင် ထီးချိုင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးပြီး ညောင်ပင်သာကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ရုံး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က အဆိုပါအသင်းရုံးတွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ထီးချိုင့်မြို့နယ် ညောင်ပင်သာကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ရုံး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတို့ကို ထီးချိုင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်၊ အတွင်းရေးမှူး ဒေါ်စိန်ကြွယ်၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိုးမိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်

ထို့နောက် ထီးချိုင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးပြီး ညောင်ပင်သာကျေးရွာရှိ အသက် ၈၀နှင့်အထက် အဘိုး၊ အဘွား ၁၈ဦးတို့အား မြို့နယ်ဆရာဝန် ဒေါက်တာဌေးကြွယ်၊ ညောင်ပင်သာတိုက်နယ် ကျန်းမာရေးမှူး ဦးရဲထွန်းနိုင်နှင့် ကျန်းမာရေး ဆရာမများက ကျန်းမာရေးစောင့်ရှောက်မှု ဆေးစစ်စမ်းသပ် ဆောင်ရွက်ပေးသည်။

ပူဇော်ကန်တော့

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ညောင်ပင်သာကျေးရွာ အဘိုး၊ အဘွား ၁၈ဦး တို့အား ဆေးပစ္စည်းများ၊ အာဟာရနို့မှုန့်များနှင့် လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ပျိုးဥယျာဉ် ပန်းအလှပင်၊ အရိပ်ရပင်၊ ပျိုးထောင်ထားရှိမှုနှင့် ပတ်သက်၍ မတ် ၂၉ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခွန်ဇော်ဦးက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ယင်းမာပင်၌ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့် စာရွက်စာတမ်းနှင့် အထိမ်းအမှတ်အလံ ပညာရေးဌာနသို့လွှဲပြောင်း

ယင်းမာပင် ဧပြီ ၁၂

ယင်းမာပင်မြို့နယ် စုန်ချောင်းအနောက်ရွာ၌ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်မြင့်အောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** အခမ်း အနားကို ဆက်လက်ကျင်းပရာ လက်ထောက်ပညာရေးမှူး ဦးကျော်ဌေးက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် အထိမ်းအမှတ်အလံကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းက လက်ခံရယူပြီး စုန်ချောင်းအနောက်ရွာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းတင့်က ကျောင်းဆောင်သစ် ဆောက်လုပ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို နိုင်ငံတော်၏ထောက်ပံ့ငွေကျပ် သိန်း ၃၀ နှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေကျပ် သိန်း ၆၀ စုစုပေါင်းငွေကျပ် သိန်း ၉၀ဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး အရွယ်အစားမှာ အလျားပေ ၁၂၀၊ အနံပေ ၃၀နှင့် အမြင့် ၁၃ပေရှိကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂါရဝပြု ငွေပေးအပ်

အန္တရာယ်ကင်း ပရိတ်တရားတော်နာနှင့် သက်ကြီးရွယ်အို အငြိမ်းစား စစ်မှုထမ်းဟောင်းများအား ဂါရဝပြု ငွေပေးပွဲကို မတ် ၂၇ ရက်က မကွေးတိုင်း အထက်မင်းလှ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းများအား မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးက ဂါရဝပြုငွေ ပေးအပ်စဉ်။ (၀၇၆)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဩဝါဒါစရိယ ဘဒ္ဒန္တ ရေဝတ အမှူးထားကာ ဗုဒ္ဓသာသနာ့ရက္ခိတအဖွဲ့က အလှူငွေကျပ်တစ်သိန်းကို ပဓာန နာယကဆရာတော်ကြီး ကိုးပါးရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာဒေါ်အေးအေးမာထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကလောမြို့မ ဈေးဆိုင်များ အိုင်အိုဒင်းပါဝင်မှုကြည့်ရှုစစ်ဆေး

ကလော ဧပြီ ၆

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မတ် ၁၈ ရက်က ကျန်းမာရေးမှူး (၂)ဦးသန့်ဇင်အောင်၊ ဒုတိယဦးစီးမှူး (သန့်)ဦးဝင်းနိုင်ဦးတို့ ဦးဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် ကလောမြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ၌ ရောင်းချလျက်ရှိသော ဆားများတွင် အိုင်အိုဒင်းပါဝင်မှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ရန်ကုန်တိုင်းအထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာနမှ ဒေါ်တင်တင်သန်းဦးစီးအရာရှိ (စီမံ)၏ နှစ်(၅၀)ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော်

မော်လမြိုင်ကျွန်း ဧပြီ ၂၀

မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းခယ်မကျေးရွာမှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရတနာမုန်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျောင်းအုပ်ဆရာတော်အား အလှူရှင်များက ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၁၃ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းခယ်မကျေးရွာ ရတနာမုန် ကျောင်းတိုက်၌ ကျင်းပသည်။

ပူဇော်

ယင်းပူဇော်ပွဲသို့ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ပစ္ဆိမာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစိန္တိတာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကောဝိဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့်မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ကျောင်းတိုက်များမှ ပင့်သံဃာတော်များ ကြွရောက်တော်မူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့နှင့် အလှူရှင်များတက်ရောက်ကြည်ညို ပူဇော်ကြသည်။

ဆက်ကပ်

အခမ်းအနားတွင် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းခယ်မကျေးရွာ ရတနာမုန်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တတေဇာနန္ဒာဘိဝံသအား ကျွန်းခယ်မကျေးရွာ အုပ်စုအတွင်းရှိ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။ **(အပေါ်ဝဲပုံ)** **(၀၉၇)**

အသက်၈၀ပြည့် ဆရာတော်နှင့် ဘိုးဘွားများပူဇော်

ရွှေတောင် ဧပြီ ၁၂

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ်မှ အသက်(၈၀)ပြည့်ပြီးသော သက်တော်ရှည်ဆရာတော်ကြီးများ၊ သက်ကြီးအဘိုးအဘွားများကို ကျီးသဲမြို့သူ မြို့သား၊ နယ်သူနယ်သားများက ဧပြီ ၃၀ ရက်(ကဆုန်လပြည့်နေ့) နံနက် ၈ နာရီတွင် ကျီးသဲအထက ပညာ့ဗိမာန်ခန်းမ၌ စုပေါင်း ပူဇော်ကန်တော့ကြမည်ဖြစ်၍ အဝေးရောက် ကျီးသဲမြို့သူမြို့သားများ လှူဒါန်း ပူဇော်ကန်တော့လိုပါက သက်ကြီး ပူဇော်ပွဲကျင်းပရေး ကော်မတီ နာယကဆရာတော် ဦးသံဝရ(ဝေဠုဝန်ကျောင်း) ကျီးသဲသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်
၂၈-၄-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) မောင်ရယ်မောင်ရယ် (ရိန်မိုး၊ ညီညီရိမ်)
(၂) ရန်ကုန်သားနဲ့ မန္တလေးသူ (ရန်အောင်၊ ပိုးအိစံ)
(၃) အချစ်သိလား (ဆုတင်၊ စိုးရီနွယ်)
၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဖိုးကျားစခန်း)
၁၁း၃၅ အဘိုးအဘွားအလေးထား (ဖြူးမြို့ဘိုးဘွားရိပ်သာအကြောင်း ဆွေးနွေးခန်း)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၁၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (မြရတနာ)
၁၂း၄၅ (၂၁)ရာစု လူမှုဝေါဟာရများ မိတ်ဆက်-ပဥ္စမပိုင်း(မောင်ဆုရှင်)

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပုဂံကျောက်စာများမှ နှလုံးသားပွဲတင်သံများ-မောင်ခင်မင်-ဓနုဖြူ)
၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (ကယားပြည်နယ်မှ မသီရိဆုဝေနှင့် ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်တို့၏ ခေတ်ဟောင်း၊ကာလပေါ်)
၁၇း၁၅ ခေတ်ဟောင်းတေး
(၁) မင်္ဂလာ ၁၂ ပါး (စိန်ပါတီ)
(၂) လကဆုန် (ဥသြဘသောင်)
(၃) ရွှေနွယ်ရိုး (သထုံဘသိန်း-မအေးစိန်)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာခြင်း၏အခြေခံ မူကြီးများ-မောင်ရွှေယုံ)
၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၁၈း၄၀ သိမှတ်စရာကွန်ပျူတာ (သင့်ကွန်ပျူတာ အသစ်စက်စက်ကို ကြိုတင်ရှင်းလင်းနိုင်ဖို့)
၁၉း၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (Misic World တေးထုတ်လုပ်ရေးမှ ကြင်နာသူ၏ အချစ်ရိပ်တေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) စိမ်းသထက်စိမ်း(ကိုမြင့်ဆွေ)
(၂) ပိတောက်လမ်း (မဠူသင်း)
(၃) အုန်းစက်ပါ့ဘုန်းလက်ယာဝယ် (ကိုကျော်ညွန့်)

ပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

မန္တလေး ဧပြီ ၁၆

မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များ ကထိန်တော်အသင်းကြီး၏ (၇၂)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးကို ဧပြီ ၆ရက် နံနက် ၈ နာရီခွဲက ပဲလှော်ချောင်ရပ်ရှိ အသင်းတိုက်ခန်းမကြီးတွင်ကျင်းပသည်။

လှူဒါန်းခဲ့

အစည်းအဝေးတွင် သဘာပတိ ဥက္ကဋ္ဌ ဦးကျော်သိန်းက (၇၂)ကြိမ်မြောက် ကထိန်တော်နှစ်တွင် ကျောင်းတိုက်ကြီး သုံးတိုက်မှ သံဃာတော် ၅၃၁ ပါးတို့ကို နှစ်စဉ်နှစ်တိုင်းကဲ့သို့ပင် လှူဖွယ်ပစ္စည်းများ အစုံအလင်ဖြင့် ငွေ ၁၅၁၁၃၇၂၅ ကျပ် ခင်းကျင်းလှူဒါန်းခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

အထွေထွေ အကြံပြုလွှာများကို ဆွေးနွေးတင်ပြကြပြီး အသင်းကြီး၏ ဝန်ထမ်းများကိုအသင်းကြီး၏ကိုယ်စား ဥက္ကဋ္ဌ ဦးကျော်သိန်းက ဆုကြေးငွေများချီးမြှင့်ပြီး (၇၃)ကြိမ်မြောက် ကထိန်တော်နှစ် အမှုဆောင်အဖွဲ့သစ်ဥက္ကဋ္ဌ အဖြစ် အရီးတောင်း ဦးကျော်သိန်းကိုပင် အားလုံးသဘောတူ ရွေးချယ်တင်မြှောက်ကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(၁၁၃)**

မြို့နယ် သတင်းများ

ပိန်းဇလုတ် ရွှေကျောင်းတော်ကြီး ပြန်လည်ပြုပြင်ရန် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုတ် သုဓမ္မာရာမပရိယတ္တိ စာသင်တိုက်ကြီးအတွင်း ပြုပြင်ဆောက်လုပ်ဆဲဖြစ်သော သုဝဏ္ဏဝတီ သုံးထပ်ရွှေကျောင်းတော်ကြီးအတွက် ကျောက်တံခါးမြို့နယ် ခွက်မကျေးရွာနေ ဆရာ ဦးတင်ထွန်း-ဒေါ်နန်း ခမ်းအိန်၊ သမီးအိအိထွန်း၊ သား မျိုးမင်းပိုင်၊ သမီး နန်းဆွေဆွေထွန်း မိသားစုက ပထမအကြိမ် အလှူငွေကျပ်နှစ်သိန်းကို ပဓာနဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပခုက္ကူမြို့ အမက(၉)ကျောင်း၌ မြတ်ဆရာပူဇော်

ပခုက္ကူ ဧပြီ ၁၀

သတ္တမအကြိမ်မြောက် အမက (၉) မြစ်ကိုင်းရပ်ကွက် ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၇ ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ဖျော်ဖြေတင်ဆက်

အခမ်းအနားတွင် အမှတ်(၁၅) ရပ်ကွက် ဥက္ကဋ္ဌ ဦးသိန်းထွန်းက အဖွင့်အမှာ စကားပြောကြား၍ ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီ ကိုယ်စား ဦးမင်းနိုင်က ရှင်းလင်းတင်ပြကာ ကွယ်လွန်ပြီးသော ဆရာကြီး၊ ဆရာမကြီး များအား အမျှအတန်းပေးဝေကြသည်။

ဆုတောင်း

ယင်းနောက် အငြိမ်းစားယူပြီးသော ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၁၁ ဦးတို့အား ကျောင်းသားကျောင်းသူဟောင်းများက တစ်ဦးချင်း ကန်တော့ပစ္စည်းများပေးအပ်ပူဇော်ကန်တော့ကြရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများက ဩဝါဒစကားမြွက်ကြားပြီး ဆုမွန်ကောင်း တောင်းပေးကြောင်း သိရသည်။ **(၄၁၃)**

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မတ် ၂၇ ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နုနှင့် အမှုဆောင်အရာရှိ ဦးစောရွှေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ဖွား/သေစာရင်း ပြုစုရေး ညှိနှိုင်းစည်းဝေး

ပြင်ဦးလွင် ဧပြီ ၁၅

အသက်(၁၈)နှစ်အောက် လူဦးရေစာရင်းနှင့် ဖွား/သေစာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၄ ရက်က ပြင်ဦးလွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌဦးအေးလွင်က လူဦးရေစာရင်းနှင့် ဖွား/သေစာရင်းပြုစုရေးတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးသည်။ **(၂၈၀)**

27-4 (16) 1 4/26/07, 12:42 PM

ဘာသာစုံဂုဏ်ထူးရှင်များအားထားစရာ
SH MYINT THU HTET YU
သင်ကြားရေး၊ စားရေး၊ နေရေး၊ စိတ်ချမ်းသာစေရမည်။
အမှတ်(၁၄)ဖြိုလှာ၊ လှည်းတန်းဈေးအနီး၊ လှည်းတန်း၊ ရန်ကုန်မြို့။
ဖုန်း ၅၁၀၆၃၈

အမည်ပြောင်းလဲခေါ်ပါရန်
အလက (၄) မြောက်ဥက္ကလာပ Grade .9 (A)မှ (အဖ)ဦးခိုင်မျိုး၏သမီး မခိုင်ဇင်သန့်အား မခိုင်ခိုင်ချစ်ဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်ခိုင်ချစ်။**

အမည်ပြောင်း
(အဖ) ဦးတင့်လွင်၏သမီး တောင်ငူမြို့ အလက(၂) Grade II (A) မှမဇာနည်လွင်အား မဆုမေဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုမေဇင်။**

အမည်ပြောင်း
ကျိုင်းတုံမြို့ အထက(၂) ဒုတိယတန်း(က)မှ ဦးသက်အောင်-ဒေါ်အယ်တာမီးမီး၏သမီး မစန္ဒာသက်အား မနှင်းအိရွှေရည်ဟုလည်းကောင်း၊ မမေဦး(ခ)အေးမြတ်သက်အား မထက်အိအိချောဟု လည်းကောင်း၊ မောင်ဦး(ခ)အောင်မျိုးသက်အား မောင်ထက်အောင်ခန့်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

အမည်မှန်
ကျိုင်းတုံမြို့ အထက(၄)နဝမတန်းမှ (အဖ)ဦးလိုဒို၏သမီး မနန်းပျဲန်တစ်၏ အမည်မှန်မှာ မနန်းအွေတစ် ဖြစ်ပါကြောင်း။ **မနန်းအွေတစ်။**

နိုင်ငံခြားသွားမည့်သူများအတွက်ယုံကြည်အားထားရတဲ့သင်တန်းတစ်ခုလှည်းတန်းမှာပေါ်ပေါက်လာပြီ
နိုင်ငံခြားသွားအထူးအမြန်သင်တန်း
နိုင်ငံတကာအတွေ့အကြုံ (၁၀) နှစ်ကျော်ရှိ ဆရာ ဦးအောင်ကျော်မင်း(Ex.Comm.Officer) ကိုယ်တိုင်သင်သည်။
အသုံးချအင်္ဂလိပ်စကားပြောအပြင်လေယာဉ်ပေါ်မှာ White Card ဖြည့်တာကအစ အလုပ်ခွင်ဝင်တဲ့အထိ သင်စိတ်ပူနေတာတွေ၊ လိုအပ်နေတာတွေအားလုံး ပြည့်စုံအဆင်ပြေသွားစေရမယ်။
နယ်မှလာသူများအတွက် နေရေး၊ စားရေး စီစဉ်ပေးမည်။
EDUMAP LANGUAGE CENTRE 095191046
တိုက်(၁)အခန်း(၁၇)ပထပ်၊လှည်းတန်းလမ်းဆုံ။ 505965

SOLA Skill Oriented Language Academy
IELTS
ဦးမြသိန်း ဦးထွန်းစိန် EEE
ဦးအေးချစ် EEAC ဦးရဲမြင့်သန်း
3-month Preparatory / Intensive Course
Mon+Tue+Wed+Thu (5:30 to 7 p.m.) 3rd May (Thursday)
Sat + Sun (8:30 to 11:30 a.m.) 5th May (Saturday)
#169 (5th Fl.) 38th Street, Yangon. Ph.: 09 5185228, 380193

အမည်ပြောင်းခြင်း
(အဖ)ဦးကိုကိုကျော်၏ သား ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း T.T.C (ကမာရွတ်) Grade 10-F မှ မောင်ရန်လင်းအောင်အား ကျော်ရန်လင်းအောင်ဟု ဖြည့်စွက်ခေါ်ပါရန်။ **ကျော်ရန်လင်းအောင်။**

အမည်မှန်
ကျိုင်းတုံမြို့ အထက(၄)အဋ္ဌမတန်း(ဂ)မှ(အဖ)ဦးအိုက်လုံ၏ သမီးဖြစ်သူ မနန်းကျန်၏ အမည်မှန်မှာ မနန်းစံဟွမ် ဖြစ်ပါ ကြောင်း။ **မနန်းစံဟွမ်။**

ကျေးဇူးဆပ်ပါမည်
ကျွန်မ၏နိုင်ငံကူးလက်မှတ် အမှတ် ၆၄၉၆၃၆ သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။
ဖုန်း-၆၈၇၃၆၁။

ဝယ်မည်
ပေသီး၊ ကြိမ်သီး၊ ပါသီးများ ဝယ်လိုသည်။ ဆက်သွယ်ရန် ဦးအောင်ကျော်ထွန်း
ဖုန်း- ၂၂၉၁၃၄၊ ၂၉၄၄၇၊ ၀၉-၅၁၈၅၄၅၉။

ကားရောင်းမည်
နိုင်နာခေါင်းလုံး
3Y ဂက်စ်အင်ဂျင် လိုင်းကား
☎: 01-299963
နံနက် ၁၁-မှ ၅ နာရီထိ

နွေရာသီရေကူးသင်တန်း
တက္ကသိုလ်များရေကူးကန်(သထုံလမ်း)တွင်
စတင်ဖွင့်လှစ်နေပါပြီ
☎ : 01-513109,701387,500544
: 095179721

ကားစီးလုံးငှားသည်။
Zaw Win & Associates
Car Rental & General Services
ကားပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၅၄၀၅၄၅၊ ၀၉-၈၀-၂၀၀၉၁

ရုပ်ပျိုတိုင်းရင်းဆေး
ထုတ်လုပ်ခွင့်လိုင်စင် ၁၁/၂၀၀၅/တဆထလ/တိုး (၃၈)
အရုံကြောအားတိုးဆေးပြား

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၂၈၁၉ Honda C 90 Custom ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူ မှတ်ပုံတင်အမှတ် ၉/အမရ(နိုင်) ၀၀၅၅၄၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ကျေးဇူးဆပ်ပါမည်
ယာဉ်အမှတ် ပ/၉၄၅ ၏ အခွန်ကိစ္စစိစစ်ဆောင်ရွက်ခြင်း မူရင်းစာရွက် အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဒေါ်သန်းသန်းလှ၊ ဖုန်း-၇၂၂၉၀၉။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ်(၃၃၁)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မော် (၁၂/မရက (နိုင်) ၀၂၅၃၈၆)သည် တစ်ဖက်ပါကုန်အမှတ်တံဆိပ် ပိုင်ရှင်ဖြစ်ကြောင်း စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီး လက်သမားသုံး ဆောက်သွားဆိုဒ်အမျိုးမျိုးကိုထုတ်လုပ်ဖြန့်ချီသွားမည်ဖြစ်သောကြောင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

P

ဦးဇော်မော်၏လွှဲအပ်ညွှန်ကြားချက်အရ
ရွှေနေ ဦးခင်ဇော် (မရမ်းကုန်း)
ဦးဝဏ္ဏဇော် (ဥပဒေဘွဲ့)
ဒေါ်စောနှင်းအေး (ဥပဒေဘွဲ့)
ဒေါ်လှဝင်းနွယ် (ဥပဒေဘွဲ့)
ဖုန်း-၀၉၅၁-၈၁၁၈၅ ၊ ၆၅၀၅၆၇

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၉၁၀၄ Honda C 90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်း မှတ်ပုံတင်အမှတ် ၉/မသန(နိုင်) ၁၁၉၁၃၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊မြောက်ပိုင်း)၊ မန္တလေးမြို့။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် မေ ၂၆

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများနေ့စဉ်လက်ခံနေသည့်အပြင်အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ် မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၃၉၂၂၃**တွင်လည်း မြန်မာ့အလင်း သတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက်၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက် ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့ မြန်မာတန်းရပ်၊ ကော့ခမယ်ကျေးရွာနေ ဦးသိန်းအောင်-ဒေါ်စန်းတင်တို့၏သား မောင်မောင်အောင် ၁၀/မဒန(နိုင်)၁၁၁၉၄၆ သည် မိဘ၏သွန်သင်ဆုံးမမှုကို နားမထောင်ဘဲ မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးသိန်းအောင်
၁၀/မဒန(နိုင်) ၀၇၃၂၆၁။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၉၃၄၀၊ ယ/၉၆၆၀၃ Honda C 90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းအောင် မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်) ၁၁၄၅၂၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ကျွန်မတို့၏သား မောင်သုတအောင် ၁၂/ဥကမ (နိုင်) ၁၇၄၄၃၆ သည် မိဘတို့ကို စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သောကိစ္စများ လုံးဝတာဝန်မယူပါ။

ဦးပေါက်စီ ၁၂/လမန (နိုင်) ၀၉၁၆၉၈
ဒေါ်တင်မေဝင်း ၁၂/လမန (နိုင်) ၀၉၁၆၉၉။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

နောင်ချိုမြို့ ဘူတာရပ်ကွက် အကွက်(၄) နယ်မြေ(၇)နေထိုင်သူ ဒေါ်မြရီ၏ သမီးဖြစ်သူ မသိမ့်သန္တာနိုင်သည် မိဘဆိုဆုံးမမှုအား ခံယူခြင်းမရှိသည့်အတွက် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီး ၎င်းကိစ္စနှင့်ပတ်သက်၍ လုံးဝတာဝန် မယူပါကြောင်း။

မိခင်-ဒေါ်မြရီ
ဘူတာရပ်ကွက်၊ နောင်ချိုမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၄၆၀၃ Honda C70Z,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြိုင် မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်) ၀၇၀၂၄၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ (မော်လမြိုင်မြို့)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၆၄၆၈ နီဆန်းကောင်ဒါ CM 86 FI ထရပ် (၄ x ၂) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြင် မှတ်ပုံတင်အမှတ် ၁/မကတ (နိုင်) ၀၀၉၆၆၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊ (မြစ်ကြီးနားမြို့)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၂၇၆၀၈ ရင်ဆင်း-110 ယာဉ်လက်ဝယ်ရှိသူ ဦးအေးလွင် ၈/ဆဖန(နိုင်) ၀၁၇၄၆၄ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(မကွေး) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး(မကွေး)။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊သိမ်ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်
အသက် (၈၅)နှစ်

လေးစားရပါသော မမဒေါက်တာသိန်းသိန်းဌေး ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာရေး) ကျန်းမာရေးဦးစီးဌာန၏အဒေါ်ဖြစ်သူသည် ၁၈-၄-၂၀၀၇ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မမနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မိခင်နှင့်ကလေးဌာနစိတ်ဝန်ထမ်းမိသားစုနှင့် ကွင်းဆင်းအရာရှိများ။

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်း အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) ဦးစိုးမင်းလတ်နှင့် ဝန်ထမ်းများ ကျောက်ပန်းတောင်းမြို့ ရေပေးရေးအတွက် ဆည်ပေါက်ကျေးရွာအမှတ်(၈)စက်ရေတွင်း ရေထွက်အားစမ်းသပ်မှုများနှင့် ရေစက်ရုံတည်ဆောက်မည့်မြေနေရာ ရွေးချယ်မှုများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့အဝင် မုခ်ဦးအနီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး (စည်းကမ်း) ဦးမျိုးကြည်နှင့် အဖွဲ့ဝန်ထမ်းများ မြို့သာယာလှပရေးနှင့်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ၁၈ရက်က အဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေး ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်များ ပျိုးထောင်

ကြို့ပင်ကောက်မြို့နယ် စည်ပင်ပန်းခြံအတွင်း ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့် ဧပြီ ၂၁ရက်က ဆောင်ရွက်ရာ ဦးစီးအရာရှိ ဦးအောင်မိုးသိန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာ ဝါးရုံကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံ တည်ထောင်ရေးဆွေးနွေး

မိတ္ထီလာ ဧပြီ ၁၄

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဝါးရုံကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံများ တည်ထောင်နိုင်ရေး၊ စာဖတ်ဝိုင်းများ အပတ်စဉ်ပြုလုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ၇ရက် နံနက် ၉နာရီက ဝါးရုံကျေးရွာအုပ်စု အိုင်ကြီးလည်ကျေးရွာ ဖိုးရာဇာစာကြည့်တိုက်တွင် ကျင်းပသည်။

တက်ရောက်

ညှိနှိုင်းဆွေးနွေးပွဲသို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ အုပ်စုတွင်းရှိ ကျေးရွာများမှစာကြည့် တိုက်ကော်မတီဝင်များ တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အုပ်စုလုံးကျွတ်စာကြည့်တိုက်အဆောက် အအုံများ တည်ဆောက်နိုင်ရေး၊ စာအုပ်စာစောင်များရရှိရေး၊ ငွေပဒေသာပင်များ ရရှိရေး၊ အပတ်စဉ်စာဖတ်ဝိုင်းများ ပြုလုပ်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေး

ဖိုးရာဇာစာကြည့်တိုက်ကော်မတီ နာယကဦးချစ်က ဖိုးရာဇာစာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များက စာကြည့်တိုက်ဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တောင်အာဖရိကနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၀၇ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တောင်အာဖရိကသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စဖန်ဇီး၊ မလန်ဘို ငူကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀) သင်တန်းဆင်းပွဲ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၂၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းစစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်သန်းဌေးနှင့် ဗိုလ်ချုပ်စိန်လင်း၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

စာမျက်နှာ ၉ ကော်လံ ၅ ✻

ချီတက်အလေးပြု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဗိုလ်လောင်းတပ်ခွဲများ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

27-4 (20) 1 4/26/07, 12:42 PM